ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့၊ (9-9-2004) (၄၃၅၁)

တပေါ စ
တော် မင်္ဂလ မုတ္တမ်။

ဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ကြိုဆိုသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တံတားတည်ဆောက်ရေးလုပ်ငန်း အဆင့်တိုင်းကို ကိုယ်ပိုင်အတတ်ပညာဖြင့် တည်ဆောက်နိုင်ပြီ တံတားအမျိုးအစားအားလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ တည်ဆောက်နိုင်ရန် ကြိုးပမ်းအားထုတ် မိမိတို့ရရှိထားပြီးသော အတတ်ပညာနှင့် အတွေ့အကြုံများကို နောင်လာနောက်သားများအား ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၈

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

တည်ဆောက်ရေးစီမံကိန်း

ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကိုယ်ပိုင်စွမ်းပကားဖြင့် တံတားကြီးများ တည်ဆောက်

☆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်၌ ဧရာဝတီမြစ်ပေါ်တွင် တံတားကြီးခုနစ်စင်းကို အောင်မြင်စွာ တည်ဆောက်ခဲ့။

☆ ယင်းတံတားတို့မှာ ပဲခူးတိုင်းတွင် နဝဒေးတံတား၊ ဧရာဝတီတိုင်းတွင် မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(ဒေးဒရဲ)၊ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ မကွေးတိုင်းတွင် အနော်ရထာတံတားနှင့် ဧရာဝတီတံတား(မကွေး)တို့ဖြစ်။

☆ မြန်မာနိုင်ငံ၌ အကြီးဆုံး၊ အရှည်ဆုံးဖြစ်ပြီး ရထားလမ်းနှင့် ကားလမ်းပါရှိသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိ။

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၉-၉-၂၀၀၄
(ကြာသပတေးနေ့)

အဆင့်မီ လေယာဉ်ကွင်းကြီး ရည်မှန်းတည်ဆောက် စံချိန်စံညွှန်းနှင့်ကိုက်ညီရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၊ ထိုဒေသ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုအပေါ်တွင် မူတည်သည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းဖြင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုများပြားလာပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာလာမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် အစီအမံများ ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ကြိုးပမ်းရာတွင် မြန်မာနိုင်ငံ တောင်နှင့် မြောက်တည်ရှိနေသည့် လမ်းမများကို ပိုမိုချောမွေ့ကောင်းမွန်စေရန် တိုးချဲ့ပြုပြင်အဆင့်မြှင့်တင်လျက်ရှိသကဲ့သို့ အရှေ့နှင့်အနောက် သွားလာမှုလွယ်ကူစေရန် လမ်းသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။

ထို့အပြင် မြစ်ကူး၊ ချောင်းကူးတံတားကြီးများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းအဟောင်းများ အဆင့်တိုးမြှင့်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာလ ၇ရက်နေ့က ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ **အနီးစခန်းလေယာဉ်ကွင်းကို နိုင်ငံတကာလေယာဉ်များ အသုံးပြုနိုင်မည့် လေယာဉ်ပြေးလမ်းနှင့် အဆင့်မီလေယာဉ်ကွင်းကြီးအဖြစ် ရည်မှန်းချက်ထားတည်ဆောက်သွားကြရန်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းတိုင်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် စနစ်တကျတည်ဆောက်သွားရမှာဖြစ်ကြောင်း** မှာကြားသွားသည်။

ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်းဟောင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီက ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်ကွင်း၏ ပြေးလမ်းအလျားမှာ ပေ ၄၄၅၀နှင့် အကျယ်ပေ ၂၀၀ရှိသည့် မြေရောကျောက်စရစ်ခင်းပြေးလမ်း အမျိုးအစားသာဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ အဆိုပါလေယာဉ်ကွင်းဟောင်းကို ဘိုးရင်းအမျိုးအစားဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် ခေတ်မီလေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်နေခြင်းဖြစ်သည်။ ယခုဆောင်ရွက်လျက်ရှိသည့် အနီးစခန်း လေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းအရ လေယာဉ်ပြေးလမ်းအလျားပေ ၁၀၀၀၀ နှင့် အကျယ်ပေ ၂၀၀ ရှိ ကွန်ကရစ်ခင်းလေယာဉ်ပြေးလမ်းကို တည်ဆောက်လျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းပြီး ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အရှိန်အဟုန်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်း တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာလေယာဉ်များအသုံးပြုနိုင်မည့် လေယာဉ်ပြေးလမ်းနှင့် အဆင့်မီလေယာဉ်ကွင်းကြီးအဖြစ် ရည်မှန်းထားသည်နှင့်အညီ တည်ဆောက်ရေးလုပ်ငန်းတိုင်းကို သတ်မှတ်စံချိန်စံညွှန်းများကိုက်ညီရေး အလေးထားကြိုးပမ်းတည်ဆောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ အလှူငွေပေးအပ်

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ရက်က ရန်ကုန်မြို့တော်ခန်းမ ခန်းမ(၄)၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေထံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြို့တော်စည်ပင်မှ ပထမအကြိမ် လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ကို ပေးအပ်စဉ်။ (၁၉)

ပညာရှေ့ပြေး စာတတ်ရေး

★ ပညာဆိုတာ လောကီမှာ
သူဟာ အဓိကပါ။
★ သူပါမှပင် လောကီတွင်
အောင်မြင် ချောမောတာ။
★ အလားတူစွာ လောကုတ္တရာ
ပညာ အဓိကပါ။
★ ပညာဖြင့်သာ နိဗ္ဗူတာ
လှမ်းကာ ရောက်နိုင်တာ။
★ ထိုသည့်ပညာ ရဖို့ရာ
ဦးစွာ ပထမ စာတတ်မှ။
★ စာတတ်မှသာ မြတ်ပညာ
ဖွေရှာ ရနိုင်တာ။
★ ပညာရှေ့ပြေး စာတတ်ရေး
အားထုတ်ကြစို့လေး။

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုလျက်–

နွယ်ချို

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်မြို့နယ် မိုက်ကန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လောပိတကျေးရွာများမှ ရွာသူရွာသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သစ်တော)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ်၌ ကျောင်းဆောင်သစ်များဖွင့်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ဒေါတနောကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး ဒေါတနော၊ ကုန်းဆွတ်၊ ကျောက်ကြီးကျေးရွာတို့မှ ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်မှုတင်ပြချက်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ကျေးရွာမူလတန်းကျောင်းများအတွက် အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် မွန်းလွဲပိုင်းတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် လွိုင်ကော်မြို့နယ် မိုက်ကန်းကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းခန်းမ၌ မိုက်ကန်း၊ လောပိတကျေးရွာတို့မှ ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် ဖရူဆိုမြို့နယ် ထီးကလူဒေါ ကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ဆေးခန်းအတွက် အလှူငွေများပေးအပ်ပြီး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆေးခန်းသစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖရူဆိုမြို့ အထက်တန်းကျောင်း၌ ကျင်းပသော စာရေးစားပွဲနှင့် ထိုင်ခုံများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီမောဆိုမြို့နယ် ဆိုဘောသဲကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့နယ် သစ်တောဦးစီးဌာန စံပြကျွန်းစိုက်ခင်းငါးဧကသို့ ရောက်ရှိစစ်ဆေးသည်။ (သတင်းစဉ်)

လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ်–(၅၆)နေ ကွယ်လွန်သူ ဦးနိုင်ကွမ်အားရည်စူး၍ ဒေါ်စီ၊ သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် ၂၀၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းထံ ဩဂုတ် ၂၁ရက်က ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး

အောင်မိုးခံ

ဒီကနေ့ မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ထမ်းဆောင်သွားရမယ့် သမိုင်းပေးတာဝန်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးနဲ့ ဒီမိုကရေစီရေးပင်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ပေါ်လာရေး အမျိုးသားရေးတာဝန်ကြီးကို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ အမျိုးသားညီလာခံကြီးက စတင်ထမ်းဆောင်နေပြီဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကြီး ပြီးမြောက်အောင်မြင်ရေးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သလို အခြေခံအကြောင်းတရားလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီကနေ့ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးကို တစ်မျိုးသားလုံး စုပေါင်းလုံ့လပြုကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ အဲဒီလို ကြိုးပမ်းရာတွင် ဘယ်လိုအခက်အခဲကိုမဆို ကျော်လွှားသွားရမှာသာ ဖြစ်ပါတယ်။ ဒါဟာ အောင်မြင်မှုတိုင်းမှာ ပေးအပ်ရတဲ့ အရင်းအနှီးပင် ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက ဘယ်လိုပျက်စီးရာ ပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်နေပေမယ့် အမျိုးသားညီလာခံကြီးရဲ့ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ပြီးစီးမှုဟာ မြန်မာ့နိုင်ငံရေးတိုးတက်မှုပင် ဖြစ်ပါသည်။ Problems are Learning and Growing Experiences ပြဿနာတွေ၊ အခက်အခဲတွေဆိုတာ ပညာရဖို့နဲ့ အသိဉာဏ်ကြီးဖို့ရာ အတွေ့အကြုံတွေ ဖြစ်ပါတယ်လို့ လူမှုသိပ္ပံပညာရှင်များက ဆိုပါတယ်။ အမျိုးသားညီလာခံကြီး ပြန်လည်မကျင်းပမီ ကြုံခဲ့ရတဲ့ အခက်အခဲတွေကို အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပမှုနဲ့ ဖြေရှင်းလွန်မြောက်ခဲ့တာ ဖြစ်ပါတယ်။ အလားတူပင် ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်များကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ကြိုးပမ်းတည်ဆောက်သွားဖို့ ဖြစ်ပါတယ်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးပန်းတိုင်ကို မဖြစ်မနေ အရောက်ချီတက်သွားကြဖို့ ဖြစ်ပါတယ်။

အခုလို ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မိမိတို့လူမှုဘဝရဲ့ ပကတိအခြေအနေတွေကိုသာ အခြေခံရမယ် ဖြစ်ပါတယ်။ အင်္ဂလန်တို့၊ အမေရိကန်တို့၊ ဂျပန်တို့ရဲ့ လူမှုဘဝ အခြေအနေတွေကို အခြေခံလို့ မရနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ လူဟာ စားဝတ်နေရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့ ကိုင်စွဲရတဲ့ ကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်သလောက်သာ ဆက်ဆံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကုန်လုပ်ဆက်ဆံရေး (လူလူချင်းဆက်ဆံရေး)တွေက မိမိတို့ စိတ်အလိုဆန္ဒရှိတိုင်း၊ စိတ်ကူးတည့်တိုင်း မဆောင်ရွက်နိုင်။ အဲဒီဆက်ဆံရေး အစုအပေါင်းကို လူ့အဖွဲ့အစည်းရဲ့ စီးပွားရေးစနစ်လို့ ဆိုရပါမယ်။ ဒီအခြေခံ အုတ်မြစ်ပေါ်မှာ လူတွေရဲ့အသိတွေ၊ ဥပဒေတွေနဲ့ နိုင်ငံရေးစနစ်တွေ ပေါ်ထွန်းလာရတာ ဖြစ်တယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။

လူ့သမိုင်းတွင် လူတွေဟာ စားဝတ်နေရေးကို ဦးစွာရှာကြံကြရတယ်။ အဲဒီအဆင့်ကို ရယူပြီးတဲ့အခါ မိမိတို့ စားဝတ်နေရေး၊ ကုန်ထုတ်ရေးဘဝနဲ့ လျော်ညီတဲ့ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ဥပဒေရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု စတာတွေကို တစ်ဆင့်တက် ထူထောင်ရလေ့ရှိတယ်လို့ လူမှုသိပ္ပံပညာရှင်တို့က ဆိုပါတယ်။

ဒီမိုကရေစီဆိုတာလည်း မိမိတို့ ပြည်တွင်းလူမှုဘဝ မျိုးစေ့ကသာ ဖူးပွင့်လာနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာလည်း မိမိတို့ပြည်တွင်း လူမှုဘဝကို အခြေခံပြီးသာ ပေါက်ဖွားရတာ ဖြစ်ပါတယ်။ အမေရိကန်၊ အင်္ဂလန်တို့ရဲ့ လူ့အဖွဲ့အစည်းတွေကို ပုံတူကူးချပြီးကျင့်သုံးလို့မရနိုင်ပါ။ ဒီနိုင်ငံတွေရဲ့ ဖြစ်ပေါ်တိုးတက်မှုသမိုင်းနဲ့ လူမှုဘဝ ဝန်းကျင်တွေ၊ လူနေမှု အဆင့်အတန်းတွေနဲ့ မိမိတို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှု သမိုင်းနဲ့ လူမှုဘဝ ဝန်းကျင်တွေ၊ လူနေမှု အဆင့်အတန်းတွေ မတူကြလို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီအခြေခံမှုကို သီးခြားဖြစ်ပေါ်တည်ရှိနေတဲ့ ပကတိလူမှုဘဝနဲ့ ပေါင်းစပ်ကျင့်သုံးရတာ ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပဆဲ အမျိုးသားညီလာခံကြီးကလည်း မိမိတို့လူမှုဘဝကို အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အကောင်အထည်ဖော်သွားမယ် ဖြစ်ပါတယ်။

ဒီမိုကရေစီဘိုးအေဆိုတဲ့ အင်္ဂလန်နိုင်ငံရဲ့ ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ချာချီက "ဒီမိုကရေစီဆိုတာ အလွန်ကြောက်စရာကောင်းတယ်။ ဒါပေမယ့်တခြားထက်တော့သာတယ်။ Democracy is the terrible system but rather than others" လို့ ပြောခဲ့ဖူးပါတယ်။ ဒီမိုကရေစီဆိုတာ အလွန်ကြောက်စရာကောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ပြီး မင်းမဲ့စရိုက်ကျင့်သုံးမှု၊ စည်းမဲ့ကမ်းမဲ့အုပ်စုဖွဲ့ သောင်းကျန်းမှု၊ အများပြည်သူကို အန္တရာယ်ပြုမှု၊ အများပြည်သူအခွင့်အရေးများကို ဖောက်ဖျက်မှု၊ အုပ်စုဖွဲ့အနိုင်ကျင့်မှု၊ ဥပဒေချိုးဖောက်မှု၊ လုပ်ကြံသတ်ဖြတ်မှု၊ မသမာသောနည်းဖြင့် ကိုယ်ကျိုးရှာမှု၊ အများပြည်သူအကျိုး ဖျက်ဆီးမှု စတာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နောက်ဆုံး နိုင်ငံတော်ကို အန္တရာယ်ပြုတဲ့ ပြိုကွဲမှုတွေအထိ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါကြောင့် အဲဒီလိုအဖျက်လုပ်ရပ်တွေကို ကာကွယ်သွားနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ တည်ဆဲတပ်မတော် အစိုးရဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားမယ်လို့ အတိအကျပြောဆိုနေတာ ဖြစ်ပါတယ်။ ဒီမိုကရေစီ ရှင်သန်ထွန်းကားရေးကို ကာကွယ်သွားနိုင်ဖို့ ဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်ဆိုတာ လူထုက စတင်ရတာဖြစ်လို့ လူထုတွေဟာ နိုင်ငံတော်အာဏာကို အဆုံးအဖြတ်ပေးတဲ့ အခန်းက ပါလာရတော့မယ် ဖြစ်ပါတယ်။ ဒီအတွက် ဒီမိုကရေစီနိုင်ငံသားတွေဟာ မိမိတို့ အခွင့်အရေးနဲ့ တာဝန်ကို နားလည်သဘောပေါက်ရမယ်ဖြစ်ပါတယ်။ ဗဟုသုတပြည့်ဝပြီး ဆင်ခြင်တုံတရား လက်ကိုင်ထားတဲ့ နိုင်ငံသားတွေ ဖြစ်ရပါမယ်။ နိုင်ငံသားတိုင်း သန့်ရှင်းလွတ်လပ်စွာ ဆုံးဖြတ်နိုင်ရပါမယ်။ အကြမ်းဖက်တဲ့ မင်းမဲ့စရိုက်တွေ ကင်းရှင်းစွာ အနုနည်းသက်သက်ကို ကျင့်သုံးနိုင်ရပါမယ်။ အဂတိတရားလေးပါး ကင်းအောင် ကျင့်ရပါမယ်။

ဒါဖြင့်ရင် ပြည်သူလူထုကြီးတစ်ရပ်လုံးဟာ ဒီအရည်အချင်းတွေနဲ့ အချိန်တိုကာလအတွင်း ပြည့်စုံလာနိုင်ပါသလား။ ကာလတစ်ရပ်အထိ လေ့ကျင့်ပျိုးထောင်သွားရဦးမှာသာ ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေဟာလည်း ဒီကနေ့ လက်ရှိအခြေအနေကိုရောက်ဖို့ လူမျိုးဆက်လိုက် ရင်းနှီးထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှာ နိုင်ငံရေးဒီမိုကရေစီ ကြန်အင်လက္ခဏာ အပြည့်ပါတဲ့ နိုင်ငံရေးစနစ်တစ်ရပ် ထူထောင်ပေးလိုက်ရင် ဒါဟာလက်တွေ့မှာ အလုပ်ဖြစ်ပါ့မလား။ ဒီအကျိုးဆက်တွေဟာ ဘယ်လိုသက်ရောက်လာမလဲဆိုတာကို အလေးအနက် မစဉ်းစားခဲ့ကြပါ။ အခုထိလည်း လက်တွေ့ကျကျ စဉ်းစားမှုတွေ နည်းနေပါသေးတယ်။ ပထမကမ္ဘာစစ်ပြီးကာလ ဥရောပအလယ်ပိုင်း၊ အရှေ့ပိုင်းနဲ့ တောင်ပိုင်းဒေသများမှာ ပေါ်ထွက်လာတဲ့ ဒီမိုကရေစီနိုင်ငံသစ်များ အခြေမခိုင်ဖြစ်ခဲ့ရပုံကို ဘယ်လိုမှ အလေးအနက် သတိမပြုမိခဲ့ကြဘူး။ အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံကြီးတွေရဲ့ မျိုးဆက်သစ်တွေဟာ ၎င်းတို့နိုင်ငံများတွင် ယခုလို နိုင်ငံခေတ်မီဖွံ့ဖြိုးတဲ့အဆင့်ကို ရောက်ရှိပြီးဖြစ်ပေမယ့် လွန်ခဲ့တဲ့ အနှစ် ၃၀/၄၀ ကာလတုန်းက အကန့်အသတ်နဲ့ မဲပေးခွင့်တွေ ကျင့်သုံးခဲ့တယ်ဆိုတာကို ပြန်လည်သတိရကြဖို့ ဖြစ်ပါတယ်။

အနောက်နိုင်ငံအများစုဟာ ၎င်းတို့ မဖွံ့ဖြိုးသေးစဉ်ကာလမှာ ၎င်းတို့ရဲ့ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေများဟာ အခုလိုမဟုတ်သေးကြောင်းကို အလေးဂရုပြု ဆင်ခြင်သင့်တယ်။

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံဟာ မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်နေတာဖြစ်ပါတယ်။ အခုလို ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ် သင်ခန်းစာယူပြီး မိမိတို့ ပကတိ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာရေးကို တစ်မျိုးသားလုံးက စုပေါင်းလုံ့လပြုကြိုးပမ်းသွားကြဖို့ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

> **ဒီမိုကရေစီ ဘိုးအေဆိုတဲ့ အင်္ဂလန်နိုင်ငံရဲ့ ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ချာချီက "ဒီမိုကရေစီဆိုတာ အလွန်ကြောက်စရာကောင်းတယ်။ ဒါပေမယ့် တခြားထက်တော့ သာတယ်။ Democracy is the terrible system but rather than others" လို့ ပြောခဲ့ဖူးပါတယ်။ ဒီမိုကရေစီဆိုတာ အလွန်ကြောက်စရာကောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ပြီး မင်းမဲ့စရိုက်ကျင့်သုံးမှု၊ စည်းမဲ့ကမ်းမဲ့အုပ်စုဖွဲ့ သောင်းကျန်းမှု၊ အများပြည်သူကို အန္တရာယ်ပြုမှု၊ အများပြည်သူ အခွင့်အရေးများကို ဖောက်ဖျက်မှု၊ အုပ်စုဖွဲ့အနိုင်ကျင့်မှု၊ ဥပဒေချိုးဖောက်မှု၊ လုပ်ကြံသတ်ဖြတ်မှု၊ မသမာသောနည်းဖြင့် ကိုယ်ကျိုးရှာမှု၊ အများပြည်သူအကျိုး ဖျက်ဆီးမှု စတာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နောက်ဆုံး နိုင်ငံတော်ကို အန္တရာယ်ပြုတဲ့ ပြိုကွဲမှုတွေအထိ ဖြစ်ပေါ်လာနိုင်ပါတယ်။**

ရေရှားပါးသော ကျေးလက်ဒေသများ စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

တူးဖော်ဆောင်ရွက်လျက်ရှိ

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်းအနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက် ပေ ၂၀၀ တစ်ကွင်းစက် ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း ၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း ၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မုဒုံ မိုးကုတ်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

မွန်ပြည်နယ် မုဒုံမြို့နယ် ကောပရံကျေးရွာ အောင်မင်္ဂလာတိုက်ကျောင်း မိုးကုတ်ရိပ်သာကြီးတွင် (၈)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနှစ်ရက်တရားစခန်းကို စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကောပရံအောင်မင်္ဂလာတိုက်ကျောင်း ဆရာတော် နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တပညာသာရနှင့် နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနစရိယ မော်လမြိုင် ဓမ္မရက္ခိတဆရာတော် ချင်းတွင်း ကလျာဏတို့က မိုးကုတ်ဆရာတော်၏ ဥပဒေသယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေး ရေမြောင်းသန့်ရှင်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများနှင့် အမှတ်(၂) ရပ်ကွက်ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့က စက်တင်ဘာ ၁ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - ရွှေပြည်စိုးနှင့် ကျွန်တော် (ရသစာပေအထူးပြု-ပထမနှစ်)
- **၅:၃၅** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၆။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၃၄)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိန်းငှက်သူရဲကောင်း"(အပိုင်း-၄)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

အာဆီယံ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသထူထောင်ရန် ဆွေးနွေး

ဂျကာတာ စက်တင်ဘာ ၆

လာမည့် ၂၀၀၅ ခုနှစ်အရောက်တွင် အာဆီယံ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသအဖြစ် ထူထောင်သွားရေးကိစ္စကို သက်ဆိုင်ရာ စီးပွားရေးဝန်ကြီးများက မိမိတို့ ခေါင်းဆောင်များထံ ထောက်ခံတင်ပြကြရန် ပြီးခဲ့သော တနင်္ဂနွေနေ့က သဘောတူခဲ့ကြကြောင်း သိရသည်။

သက်ဆိုင်ရာစီးပွားရေးဝန်ကြီးများသည် လွတ်လပ်စွာ ကုန်သွယ်ရေးဒေသကို ယခုအချိန်မှ နောင်လာမည့် ၁၀ နှစ်အတွင်း ထူထောင်သွားရန် သဘောတူညီခဲ့ကြသည်ဟု အင်ဒိုနီးရှားနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး ရီနီဆိုဝန်ဒီက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ အာဆီယံအဖွဲ့ဝင်များ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများသည် နဝမအကြိမ် စီးပွားရေး အတိုင်ပင်ခံ အစည်းအဝေးတစ်ရပ်ကို ကျင်းပအပြီး အထက်ပါ သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မျှော်မှန်းထား

အထက်ဖော်ပြပါ သုံးဦးသုံးဖလှယ်တို့သည် ယခုနှစ်နှောင်းပိုင်းတွင် လွတ်လပ်စွာ ကုန်သွယ်ရေးဒေသ ထူထောင်ရေးကိစ္စများ အစီအစဉ်အတည်ပြု လက်မှတ်ရေးထိုးနိုင်ရေးအတွက် လာအိုနိုင်ငံ၌ ပြန်လည်တွေ့ဆုံကြရန် မျှော်မှန်းထားသည်။

အကယ်၍ အာဆီယံ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် လွတ်လပ်စွာ ကုန်သွယ်ရေး ပူးပေါင်းချဲ့ထွင်ရေးကိစ္စကို အဆင့်မြင့်တင် လုပ်ဆောင်နိုင်ပါက လက်ရှိထက် နှစ်ဆ ကြီးမားသည့် ဈေးကွက်တစ်ရပ်ကို ထူထောင်နိုင်ကြမည်ဖြစ်သည်။

ကုန်ထုတ်စွမ်းအား

ထို့အပြင် ကုန်ထုတ်လုပ်ရာတွင် အထူးပြု နယ်ပယ်များ၌ အာရုံစိုက်လုပ်ဆောင်လာနိုင်မည်ဖြစ်၍ ကုန်ထုတ်စွမ်းအားများလည်း မြင့်တက်လာမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ ကုန်သွယ်ရေး ညှိနှိုင်းမှုဝန်ကြီး ဂျင်မ်ဆူတွန်က ပြောကြားသည်။

မိမိတို့ဒေသအတွင်း လွတ်လပ်စွာ ကုန်သွယ်ရေးနယ်မြေ ထူထောင်နိုင်လျှင် ဒေသအတွင်း ဖွံ့ဖြိုးဆုံးဟု ဆိုရမည့် စင်ကာပူနှင့် ဩစတြေးလျနိုင်ငံတို့သာ အကျိုးရှိမည်မဟုတ် အဖွဲ့ဝင်နိုင်ငံသစ်များ ဖြစ်ကြသော အာဆီယံနိုင်ငံအသစ်များပါ အားလုံး အကျိုးရှိမည့် အခြေအနေဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေး ပူးပေါင်းခြင်းသည် အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံရေး ပိုမိုတည်ငြိမ်မှုရှိလာစေခြင်းနှင့် လုံခြုံမှုပိုမိုကောင်းမွန်လာစေခြင်းလည်း အကျိုးဖြစ်ထွန်းမည်ဟု ဆူတွန်က ဆိုသည်။

ထုတ်ပြန်ထားသော စာရင်းဇယားများအရဆိုလျှင် အာဆီယံနိုင်ငံများ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့အကြား အချင်းချင်း အပြန်အလှန်ကုန်သွယ်ရေးသည် ၂၀၀၃ ခုနှစ်တွင် ယခင်နှစ်ကထက် ၃၃ ရာခိုင်နှုန်းအထိ ပိုမိုသိသာစွာ တိုးတက်လာသည်။ ပမာဏအားဖြင့်ဆိုပါက အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၇၅၆၀ အထိ မြင့်တက်လာကြောင်း သိရသည်။ ထိုအချိန်အတွင်း အာဆီယံဒေသအတွင်းသို့ အဆိုပါနှစ်နိုင်ငံမှ ဝင်ရောက်လာသော ပြည်ပ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၁၈၀၀ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဒေါ်လာ သန်း ၃၁၀၀ အထိ တိုးတက်လာသည်ကို တွေ့ရသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ
The Mirror
အာရှရေးရာ
သတင်းများ

စိုက်ပျိုးရေးပို့ကုန်လုပ်ငန်းများ တိုးတက်ရေး ဘင်္ဂလားဒေ့ရှ်ကြိုးပမ်း

ဒါကာ စက်တင်ဘာ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်ပပို့ကုန် ကုန်ချောထုတ်လုပ်ရေးဇုန်နယ်မြေများ၌ ရင်းနှီးမြှုပ်နှံမှု မြင့်မားတိုးတက်လာစေခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရန် အားပေးသွားမည်ဖြစ်ကြောင်း ဒေးလီးစတားသတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ပြည်ပပို့ကုန် ကုန်ချောထုတ်လုပ်ရေး ဇုန်နယ်မြေများ (အီးပီဇက်)တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အခြေပြုလုပ်ငန်းများ၌ လုပ်ကိုင်လိုသူများအား မက်လုံးပေးသွားရန် ဘင်္ဂလားဒေ့ရှ် ပြည်ပပို့ကုန် ကုန်ချောထုတ်လုပ်ရေးဇုန်နယ်မြေများဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့၏ တနင်္ဂနွေနေ့က ကျင်းပသော အစည်းအဝေးတွင် ဆုံးဖြတ်လိုက်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအခြေပြုသော ကုန်ချောထုတ်လုပ်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မက်လုံးပေးရေးအစီအစဉ်က ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအခြေပြု ကုန်ချောထုတ်လုပ်ရေးဇုန်တွင် အမေရိကန်ဒေါ်လာ ရှစ်သန်းမှ ၂၅သန်းအထိ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားရန် သီရိလင်္ကာနိုင်ငံက အဆိုပြုထားကြောင်း အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့ အမှုဆောင်ဥက္ကဋ္ဌ ဇာကီဟူစိန်က ပြောကြားသည်။

စစ်တကောင်း၊ ဒါကာ၊ ကိုမီလာ၊ မွန်ဂလာ၊ အစ်ရှ်ဝါဒီ၊ နီလ်ဟာမာရီမြို့တို့တွင် တည်ရှိသော အီးပီဇက် ဇုန်ခြောက်ဇုန်တွင် စက်မှုလုပ်ငန်းဆိုင်ရာ အစုအဖွဲ့ပေါင်း ၂၀၀ကျော်ရှိကြောင်း၊ အဆိုပါဇုန်များတွင် အလုပ်သမားပေါင်း ၁၃၈၀၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိရာတွင် ၃၉ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်ခရီးစဉ် အလွန်အောင်မြင် ဖိလစ်ပိုင်သမ္မတ အာရိုယို ပြောကြား

မနီလာ စက်တင်ဘာ ၈

တရုတ်ပြည်ခရီးစဉ်သည် စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် တောင်တရုတ်ပင်လယ်နှင့် ပတ်သက်သည့် သဘောတူညီချက်များ ရရှိစေရန် ဆောင်ကြဉ်းနိုင်ခဲ့သဖြင့် အလွန်အမင်းအောင်မြင်သည့် ခရီးစဉ်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတအာရိုယိုက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ တရုတ်ပြည်သို့ နိုင်ငံတော်ခရီးစဉ်အဖြစ် သွားရောက်ခဲ့မှုအပေါ် မိမိ ဝမ်းသာအားရဖြစ်မိကြောင်း၊ ယင်းခရီးစဉ်သည် ကောင်းမွန်ပြီး အကျိုးရှိသည့် ခရီးစဉ်ဖြစ်ကြောင်း ဒေသခံ သတင်းစာဆရာများ ဖိုရမ်ဆွေးနွေးပွဲတွင် အာရိုယိုက ပြောကြားသည်။

ယင်းခရီးစဉ်အတွင်း အစိုးရအချင်းချင်း သဘောတူညီချက်များနှင့် စီးပွားရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး၊ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးချဲ့ရန် နှစ်နိုင်ငံ အဆင့်မြင့်ပုဂ္ဂိုလ်များ အလည်အပတ်ခရီးသွားလာရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးထူထောင်မှုအကြိမ် (၃၀)မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးကိစ္စ စသည်တို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဆီယံနှင့် ကုန်သွယ်ရေး တိုးမြှင့်ရန် တရုတ်ပြည် ကြိုးပမ်းမည်

ဂျကာတာ စက်တင်ဘာ ၆

တရုတ်ပြည်က အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ကုန်သွယ်ရေး တိုးမြှင့်ရန် ကြိုးပမ်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ အာဆီယံသည် တရုတ်ပြည်၏ ယနေ့ထိ အရေးပါဆုံးသော ကုန်သွယ်ဖက်ဖြစ်ခဲ့ပြီး နှစ်ဦးနှစ်ဖက်စလုံး၏ အနာဂတ်ကာလ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အလားအလာမှာ ကောင်းမွန်လျက်ရှိကြောင်း တရုတ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဂျကာတာတွင် စနေနေ့က ပြောကြားလိုက်သည်။

ယခုအချိန်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်၏ အပြန်အလှန် ကုန်သွယ်မှု ပမာဏမှာ တရုတ်ပြည်၏ ပြည်ပကုန်သွယ်မှု တစ်ရပ်လုံး၏ ၁၁ ရာနှုန်းရှိနေကြောင်း၊ သို့ရာတွင် လာမည့်နှစ် အနည်းငယ်အတွင်း ကုန်သွယ်မှု အရှိန်အဟုန် မြင့်မားစွာ တိုးမြင့်လာမည်ဖြစ်ပြီး နှစ်ဆခန့်ထိ ရှိလာမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဘိုကြည်လိုင်းက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်အတွင်း တရုတ်နှင့် အာဆီယံ၏ ကုန်သွယ်ရေးပမာဏသည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး တရုတ်နှင့်အာဆီယံ၏ ကုန်သွယ်မှုပမာဏသည် နှစ်အလိုက် ၄၀ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဟိုကြည်လိုင်းက ကောက်ချက်ချသည်။

အာဆီယံနှင့်တရုတ် အပြန်အလှန် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ပြုလုပ်ရန် မိမိတို့အနေဖြင့် သဘောတူညီချက်များ ချုပ်ဆိုနိုင်ခဲ့ပြီးနောက် ကုန်သွယ်မှုနှုန်းသည် မြင့်သည်ထက် မြင့်မားလာနိုင်မည်ဟု မိမိ လုံးဝယုံကြည်ထားကြောင်း အာဆီယံစီးပွားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဘိုကြည်လိုင်းက ပြောကြားသည်။

တရုတ်ပြည်အနေဖြင့် အာဆီယံနှင့် ကုန်သွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် ညှိနှိုင်းဆွေးနွေးမှုအရှိန် လျော့ချပစ်မည်မဟုတ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ပတ်သက်သည့် နှစ်ဦးနှစ်ဖက်ဆွေးနွေးမှုများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ နှစ်ဦးနှစ်ဖက် ရင်းနှီးမှုမြှုပ်နှံရေးကိစ္စများကို အားသွန်ခွန်စိုက် လုံးပန်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟိုသည် တရုတ်နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ဂျကာတာသို့ ရောက်ရှိနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ပိုမိုလာရောက် ခရီးသွားလုပ်ငန်းဝင်ငွေ နှစ်အလိုက် ပိုမိုတိုးတက်လာ

ဒါကာ စက်တင်ဘာ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု တိုးတက်လျက်ရှိကြောင်း၊ ယခုနှစ် ပထမသုံးလပတ်ကာလ(ဇန်နဝါရီ-မတ်)အတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ခရီးသွားဧည့်သည် တိုးလာသကဲ့သို့ ဝင်ငွေအရလည်း တိုးလာကြောင်း နယူးနေးရှင်းသတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

စွမ်းဆောင်မှု

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဈေးကွက် တိုးတက်လာစေရန် အထူးတလည် ကြိုးပမ်းနေခြင်း မရှိသော်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၏ စွမ်းဆောင်မှု သိသိသာသာ မြင့်မားလာကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

ယခုနှစ် ပထမသုံးလတာကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၇၂၂၉၄၄ ဦး ရောက်ရှိခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ် အလားတူကာလအတွင်း ကမ္ဘာလှည့်ခရီးသည် ၅၈၂၅၈ ဦး ရောက်ရှိခဲ့ကြောင်း၊ ယင်းမှာ ၂၅ ဒသမ ၂၀ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ကော်ပိုရေးရှင်းက ထုတ်ပြန်သည့် စာရင်းအင်းကိန်းဂဏန်းများတွင် ဖော်ပြထားသည်။

ဝင်ငွေရရှိမှု

ယခုနှစ် ပထမသုံးလတာ ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁ သန်း ရရှိခဲ့ကြောင်း၊ ယမန်နှစ် အလားတူကာလကမူ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ သန်း ရရှိခဲ့ရာ ဝင်ငွေရရှိမှု ၃၄ ဒသမ ၃၉ ရာခိုင်နှုန်း မြင့်မားတိုးတက်လာကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကလေးများ မသန်မစွမ်းဖြစ်မှု ကြိုတင်ကာကွယ်ရန် ဒေါ်လာ သန်းပေါင်းများစွာ စင်ကာပူ သုံးစွဲမည်

စင်ကာပူ စက်တင်ဘာ ၇

စင်ကာပူနိုင်ငံတွင် မသန်မစွမ်းဖြစ်ရသော ကလေးများ လျော့နည်းလာစေရေးအတွက် ကလေးငယ်များ မသန်မစွမ်းဖြစ်မှု ကြိုတင်ကာကွယ်ရေး အစီအစဉ်များအတွက် လာမည့်ငါးနှစ်တာကာလအတွင်း စင်ကာပူဒေါ်လာ ၁၅သန်း(အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်းခန့်) အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။

ကလေးများ မသန်မစွမ်းဖြစ်မှု ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို တနင်္လာနေ့က ကျင်းပရာ အစိုးရက အထက်ပါအတိုင်း တုံ့ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ ရောဂါဘယကြောင့် ကလေးများ မသန်မစွမ်းမှုဖြစ်ရသည့်အခါ ယင်းကလေးများအား မည်သို့မည်ပုံ ပြုစုစောင့်ရှောက်နိုင်မည်ကို ဖော်ပြထားသည့် ပညာပေးစီဒီရွှမ်ချပ် ၁၅၀၀၀ ကို အစိုးရက ဖြန့်ချိသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စင်ကာပူအစိုးရသည် လွန်ခဲ့သည့်နှစ်က မသန်မစွမ်းဖြစ်နေသော ကလေးများ၏ မိဘများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်နေမှု လျော့နည်းသက်သာစေရန် စင်ကာပူဒေါ်လာ ၂ ဒသမ ၂ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း)ခန့်ကို ပေးအပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ ဆက်လက်တိုက်ပွဲဖြစ်

ဟာမူဒီယာ စက်တင်ဘာ ၇

အီရတ်နိုင်ငံမြောက်ပိုင်း တလ်အဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် တနင်္ဂနွေနေ့က ဒုတိယမြောက်နေ့အဖြစ် တိုက်ခိုက်ကြပြီး အီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆွန်နီခုခံတိုက်ခိုက်ရေးသမားများ၏ အချက်အချာကျရာဒေသတွင် ခုခံတိုက်ခိုက်ရေးသမားများအဖြစ် သင်္ကာမကင်းခံရသူ ၅၀၀ ခန့်ကို ဖမ်းဆီးကြသည်။

ထိုအတောအတွင်း အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ဇာတိ တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အလုပ်လုပ်ကိုင်ပေးသူ အီဂျစ်နိုင်ငံသားတစ်ဦးကို သတ်ပစ်လိုက်ပြီး အစ္စလမ္မစ်အုပ်စုတစ်စုက ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် သတင်းထောက်နှစ်ဦး၏ အခြေအနေနှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံက စိုးရိမ်တကြီး စောင့်ဆိုင်းလျက်ရှိသည်။

တုံ့ပြန်

အမေရိကန်တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တောင်ဘက် ၁၈ မိုင်အကွာ လာတီဖီယာမြို့တွင် စီးနင်းဝင်ရောက်မှုများ ပြုလုပ်ခဲ့သည်။ ယင်းမှာ လွန်ခဲ့သည့် နှစ်လကျော်က အီရတ်ကြားဖြတ်အစိုးရ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးချိန်နောက်ပိုင်း ဆွန်နီခုခံတိုက်ခိုက်ရေးသမားများ ခြေကုပ်ပြုရာ အဆိုပါမြို့ကို ပထမဆုံးအကြိမ် အရေးယူ တုံ့ပြန်ခြင်းဖြစ်သည်။ ယင်းစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးကာ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ခုခံတိုက်ခိုက်ရေးသမားဟု သင်္ကာမကင်းခံရသူ ၅၀၀ ကို ဖမ်းဆီးမိပြီး လက်နက်အမြောက်အမြားကို သိမ်းဆည်းမိကြောင်း အီရတ်ထောက်လှမ်းရေး အရာရှိတစ်ဦးက ပြောကြားသည်။

မသွားရနယ်မြေ

လာတီဖီယာမြို့သည် အမေရိကန်တပ်ဖွဲ့ဝင်များ၊ အီရတ်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံခြားသားများအတွက် မသွားရနယ်မြေ၏ အစိတ်အပိုင်းဖြစ်ပြီး ဘဂ္ဂဒက်မြို့ အနောက်ဘက် ဆွန်နီခုခံတိုက်ခိုက်ရေးသမားများ ခြေကုပ်ယူရာ ဖော်လူဂျာမြို့ပြီးလျှင် ဖော်လူဂျာမြို့၏ ဒုတိယမြောက် အားကိုးအားထားရာမြို့အဖြစ် နာမည်တွင်လျက်ရှိသည်။

အီရတ်အစ္စလမ္မစ် တပ်မတော်ဟု အမည်တွင်ထားသည့် အုပ်စုတစ်စုက ပြင်သစ်သတင်းထောက် နှစ်ဦးကို အဆိုပါမြို့တွင် ဩဂုတ် ၂၀ ရက်က ဖမ်းဆီးခဲ့သည်။ အဆိုပါမြို့အား စီးနင်းဝင်ရောက်ရှာဖွေမှုသည် ၎င်းတို့နှစ်ဦးလွတ်မြောက်ရေး မျှော်လင့်ချက်အလားအလာ ရှိနိုင်မည် ဟုတ်၊ မဟုတ်ဟု ရှင်းလင်းပြတ်သားစွာ မသိရသေးပေ။

တလ်အဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားနေစဉ် အီရတ်နိုင်ငံ မြောက်ပိုင်းတွင်လည်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ တယ်အဖာမြို့သည် ဆီးရီးယားနိုင်ငံမှ အီရတ်နိုင်ငံ အတွင်းသို့ ဝင်ရောက်လာကြသည့် ခုခံတိုက်ခိုက် ရေးသမားများအတွက် ဒေသဖြစ်သည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားထားသည်။

မိုဆူးလ်မြို့အနောက်ဘက် မိုင် ၄၀ အကွာ တလ်အဖာမြို့ အပြင်ဘက်တွင် အမေရိကန် စစ်ယာဉ်တန်းအား သေနတ်သမားများက ပစ်ခတ်ပြီးနောက် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ဒုတိယရဲမှူးကြီး မိုဟာမက်ဒယ်အိုအိုင်ဒီက ပြောကြားသည်။ ***အင်တာနက်။***

ခုခံတိုက်ခိုက်

အီရတ်နိုင်ငံ တယ်အဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်နေသော အီရတ်တို့ကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲကို ဆန့်ကျင်သဖြင့် အီရန်အား လက်စားချေ တုံ့ပြန်ရန် ကန်က လုံခြုံရေးကောင်စီကို အသုံးချနေဟု ဆီးရီးယားစွပ်စွဲ

ဒမတ်စကတ် စက်တင်ဘာ ၇

အမေရိကန်ပြည်ထောင်စုသည် အီရတ်စစ်ပွဲ ဆန့်ကျင်ခဲ့သည့် အီရန်အစိုးရ၏ မူဝါဒအပေါ် လက်စားချေ တုံ့ပြန်သည့်အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အသုံးချလျက်ရှိကြောင်း ဆီးရီးယားက စနေနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှုနှင့် စပ်လျဉ်း၍ သတိပေးထားသည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်သစ်အား အာခံသည့် အနေဖြင့် ဆီးရီးယား ပြန်ကြားရေးဝန်ကြီး အာမက်အယ်လ်ဟက်ဆန်က သတင်းစာရှင်းလင်းပွဲတွင် ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု အနေဖြင့် အီရတ်စစ်ပွဲတွင် အောင်မြင်မှု မရရှိခဲ့မှုများကို ဖုံးဖိနိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအား အမြတ်ထုတ်ကာ အသုံးချရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း အယ်လ်ဟက်ဆန်က ပြောကြားသည်။

အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည့် ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့အား လက်စားချေသည့် အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ထောက်ခံခဲ့သည်ဆို၏။

လုံခြုံရေးကောင်စီအနေဖြင့် အချုပ်အခြာအာဏာ ပိုင်စိုးသည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်စေရန် တွန်းအားပေးလိုက်ခြင်းဖြစ်သဖြင့် ဝမ်းနည်းကြောင်း အယ်လ်ဟက်ဆန်က ထုတ်ဖော်ပြောကြားသည်။

ဆီးရီးယားသည် လက်ဘနွန်နှင့် ဆက်ဆံရေး ကောင်းမွန်ကြောင်း၊ ဆက်ဆံရေးသည် အရာရာတိုင်းတွင် အရေးပါဆုံးသောကဏ္ဍဖြစ်ပြီး ဆီးရီးယားနှင့် လက်ဘနွန်တို့၏ ညီအစ်ကိုတော် ဆက်ဆံရေးသည် ပိုမိုပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် ညီညွတ်မှုရှိစေသည့်လမ်းသို့ ဦးတည်နေပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဆီးရီးယားနိုင်ငံသည် လက်ဘနွန်သမ္မတ အီမီလီလာဟွတ်၏ သမ္မတသက်တမ်း တိုးနိုင်ရေးအတွက် ဩဇာတိက္ကမ လွန်စွာသုံးနေကြောင်း စွပ်စွဲပြောကြားခဲ့သည်။ အမေရိကန်သည် ဆီးရီးယားအနေဖြင့် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာ လေးစားရေးနှင့် လက်ဘနွန်မှ ဆီးရီးယားတပ်ဖွဲ့များ ရုပ်သိမ်းရန်တောင်းဆိုလျက်မှုကြမ်းဆုံးဖြတ်ချက်ကို ရေးသားကာ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့ ဗုဒ္ဓဟူးနေ့က ဖြန့်ဝေခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့ဝင် ၂၀၀၀၀ သည် လက်ဘနွန်နိုင်ငံတွင် စခန်းချထားလျက်ရှိပြီး လက်ဘနွန်နိုင်ငံအပေါ် နိုင်ငံရေးအရ ဩဇာတိက္ကမကြီးမားသည့် အတိုင်းအတာရှိသည်။

လက်ဘနွန်သို့ ရောက်ရှိနေသည့် ဆီးရီးယား တပ်ဖွဲ့ဝင်များသည် ၁၉၇၅-၉၀ ခုနှစ် စစ်ပွဲအပြီး နိုင်ငံတည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန် ရောက်ရှိခြင်းသာ ဖြစ်ကြောင်း လက်ဘနွန် အစိုးရက ထပ်တလဲလဲ ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၃ ဦးရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၇

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လက စစ်ရေးအရ စစ်ဆင်တိုက်ခိုက်ခဲ့ချိန်မှစ၍ ယခုနှစ် စက်တင်ဘာ ၇ ရက်အထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၀၃ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် အီရတ်နိုင်ငံမှ အေပီသတင်းဌာန၏ သတင်းပေးပို့ချက်များကို အခြေခံထားသည့် အေပီသတင်းဌာန၏ စာရင်းများအရ သိရသည်။ အဆိုပါစာရင်းတွင် အမေရိကန် တပ်ဖွဲ့ဝင် ၁၀၀၀ နှင့် စစ်ဘက်ဆိုင်ရာ အရပ်သားအမှုထမ်းသုံးဦးတို့ ပါဝင်သည်။

စက်တင်ဘာ ၇ ရက်၌ အမေရိကန်ကာကွယ်ရေးဌာနမှ ထုတ်ပြန်သည့် စာရင်းများအရ အမေရိကန်တပ်ဖွဲ့ဝင် ၉၉၈ ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၇၅၂ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၂၄၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

သေဆုံးခဲ့

ထိုအတောအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ပိုလန် ၁၀ ဦး၊ ဘူလ်ဂေးရီးယား ခြောက်ဦး၊ ယူကရိန်းခြောက်ဦး၊ စလိုဗက်ကီးယား သုံးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင်တို့က တစ်ဦးစီ အသီးသီး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် အဓိက စစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ် မေလ ၁ ရက်နောက်ပိုင်း သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၈၆၀ ဦးဖြစ်သည်။ ယင်းအနက် ၆၄၃ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၁၇ ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်သည်။

အင်တာနက်။

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသော နေအိမ်အဆောက်အအုံများအတွက် လျော်ကြေးပေးရန် တောင်းဆိုဆန္ဒပြနေသူများအား စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ရှိ ကန်လေတပ်စခန်းအနီး ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏မြောက်ဘက် ၂၅ မိုင်ခန့်အကွာ ဒီဂျီယယ်မြို့အနီးရှိ အမေရိကန်တပ်ဖွဲ့များ အသုံးပြုသည့် လေတပ်အခြေစိုက်စခန်း အပြင်ဘက်တွင် ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာနှင့် အီရတ်ရဲတပ်ဖွဲ့တို့က ပြောကြားသည်။

ယင်းသို့ ကားဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးနှင့် အီရတ်အရပ်သားနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် အမှတ်(၁) ခြေလျင်တပ်မ ပြောရေးဆိုခွင့်ရှိသူ တပ်ကြပ်ကြီးရောဘတ်ပါဝဲလ်က ပြောကြားသည်။

ဗုံးပေါက်ကွဲရာ နေရာအနီးမှ မသင်္ကာသူ သုံးဦးကို ဖမ်းဆီးပြီး မေမြန်းရန် လေတပ်အခြေစိုက်စခန်းသို့ ခေါ်ဆောင်သွားကြောင်း ၎င်းက ပြောကြားသည်။ ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်မှာ စစ်ဆေးရုံသို့ ခေါ်ဆောင်သွားပြီးနောက် အခြေအနေ တည်ငြိမ်ကောင်းမွန်ကြောင်းနှင့် ဒဏ်ရာရရှိသည့် အီရတ်အရပ်သားနှစ်ဦးကို အခင်းဖြစ်ပွားရာ၌ ကုသပေးခဲ့ကြောင်း ပါဝဲလ်က ပြောကြားသည်။

ဖောက်စ်ဝက်ဂွန်းကားတစ်စီးမှာ လေတပ်အခြေစိုက်စခန်း အနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် UNDP ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် UNDPကိုယ်စားလှယ် Mr. Charles James Petrie အား ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် UNDPကိုယ်စားလှယ်က မြန်မာနိုင်ငံ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် UNDPတို့ ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် UNDPကိုယ်စားလှယ် Mr. Charles James Petrie အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံ တွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် UNDP ကိုယ်စားလှယ် Mr. Charles James Petrieအား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသစ်ဖွင့်လှစ် ကရာတေးဒိုအားကစားတိုးတက်ဖွံ့ဖြိုးရေး အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်းအောက်ရှိ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လေ့ကျင့်ရေးခန်းမဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက မြန်မာကရာတေးဒို အားကစားတိုးတက်ဖွံ့ဖြိုးရေးနှင့် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် မြန်မာကရာတေးဒို အားကစားသမားများ အောင်မြင်မှုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာကရာတေးဒို အားကစား တိုးတက်ဖွံ့ဖြိုးရေးနှင့် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ZTE Corp, Country Chief Yangon Officeမှ Mr. Huangက အမေရိကန်ဒေါ်လာ ၁၅၀၀၀ကို လည်းကောင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မင်္ဂလာကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်မင်းက ငွေကျပ် ၁၀၅၀၀၀၀ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ President Of Lizstar Co., Ltdမှ ဒေါက်တာ ဝင်းဇော်က ငွေကျပ် ၁၅၅၀၀၀၀ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင် မန်နေဂျင်းဒါရိုက်တာ Myanmar Millenium Group ဦးမင်းဇေယျာလှိုင်က ငွေကျပ် ၁၂၅၀၀၀၀ကိုလည်းကောင်း အသီးသီး လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Ruby Dragon Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဦးနေဝင်းထွန်းက ငွေကျပ် ၁၂၅၀၀၀၀ကို လည်းကောင်း၊ ဦးမောင်ဝိတ်ကုမ္ပဏီနှင့် မိသားစုက ငွေကျပ်၁၀သိန်း၊ Mascots Health Care မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဝင်းကျော်က ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ Tristars Enterprise မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်ထွန်းက ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ CNT Services Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးကောင်းဇံက ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ကရာတေးဒို မြန်မာ့လက်ရွေးစင်ဟောင်း ဦးခင်ဇော်က ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ES4E Language Centre and Trainging မန်နေဂျင်းဒါရိုက်တာ ဒေါ်မြမြက ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ မဟာဗေဒျာ Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းက ငွေကျပ် တစ်သိန်းကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။

ယင်းနောက် မြန်မာစည်သူရတနာ ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်စိုးက ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ A.Y.N Trading Ltdမှ ဦးတင်သိန်း– ဒေါ်အေးအေးသင်းက ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ PMG Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းအောင်က ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ Fame Hotel and Trade မန်နေဂျင်း ဒါရိုက်တာ ဒေါ်နီက ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဟန်လင်းကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသောင်းဟန်က ငွေကျပ် တစ်သိန်းကိုလည်းကောင်း အသီးသီး လှူဒါန်းကြရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)က လက်ခံသည်။

ဆက်လက်၍ ရတနာ့သင်္ဂြိုဟ်ကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအိုက်ရီက ငွေကျပ် ၁၃သိန်း ငါးသောင်းကိုလည်းကောင်း၊ စိုးမိုးကျော် ထီရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးမျိုးသန့်က ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ Mogok Pride Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးက ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ Metropolitan Industry Co., Ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးခင်ထွေးက ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ Performa Area Service Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မိုးမိုးလှိုင်က ငွေကျပ် တစ်သိန်း ငါးသောင်းကို လည်းကောင်း အသီးသီးလှူဒါန်းကြရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)က လက်ခံသည်။

ဆက်လက်၍ စိန်ဝတ်မှုန် ကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ကျော်က ငွေကျပ်၁၅ သိန်းကိုလည်းကောင်း၊ Superior International Trading Co., Ltd ဒါရိုက်တာ ဦးရောဘတ်ပီလေးက ငွေကျပ် ၁၂၅၀၀၀၀ကိုလည်းကောင်း၊ မြန်မာမိုးနိုင် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ကျော်မိုးနိုင်က ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ Real Life Advertising မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်ရွှေက ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ Prestige Media မှ ဦးမင်းလွင်က ငွေကျပ် နှစ်သိန်းကိုလည်းကောင်း အသီးသီး လှူဒါန်းကြရာ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ရဲနိုင်ဝင်းက လက်ခံသည်။

(သတင်းစဉ်)

စက်တင်ဘာ ၇ရက်က မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ရဲနိုင်ဝင်း လက်ခံယူစဉ်။

(ကြေးမုံ)

၂၀၀၄ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့ကအဆက်)

စောင်းပြိုင်ပွဲ

၁။ ပညာရှင်
- (က) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ခ) အင်ကြင်းသရဖီ (ယိုးဒယား)
- (ဂ) တောတောင်စွယ် (ယိုးဒယား)
- (ဃ) ဖြူပြာမူရာ (ပတ်ပျိုး)
- (င) အောင်မြေသာစံ (ပတ်ပျိုး)
- (စ) စိန်ကြယ်ညီးလင်း (မွန်)
- (ဆ) စိန်ကြောင်နီလာ (ပတ်ပျိုး)
- (ဇ) သပြေပင်ဝန်း (ကြိုး)

၂။ ဝါသနာရှင်အဆင့်
- (က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ခ) မန္တလာဘုံ (ဘွဲ့)
- (ဂ) ရာပြည်မင်းငယ်တို့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ခ) ထောင်ရောင်နေ (ကြိုး)
- (ဂ) ဟေဝန်မြိုင်လမ်း (ယိုးဒယား)

၄။ အခြေခံပညာ (၁၅-၂၀)နှစ်အဆင့်
- (က) ကုန်းဘောင်အာဟိန်ညွှန့်ညွှန့် (ပတ်ပျိုး)
- (ခ) မှန်ညောင်သဇ္ဇာ (ဝတ်တော်ရှဲ)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
- (ခ) ဆန်းနွေဦး (ယိုးဒယား)
- (ဂ) သီဒါသီဒါရောကြီး (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) ရွှေပြည်ကြီးရော (ကြိုး)
- (ဂ) တံတျာတေရှင် (ကြိုး)

စန္ဒရားပြိုင်ပွဲ

၁။ ပညာရှင်
- (က) တောမြိုင်စွန်း (ယိုးဒယား)
- (ခ) ဇာတိအာဏာ (ယိုးဒယား)
- (ဂ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
- (ဃ) စိန်ကြယ်ညီးလင်း (မွန်)
- (င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (စ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဆ) တောတောင်စွယ် (ယိုးဒယား)
- (ဇ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်
- (က) နန်းသီဟိုဠ် (ယိုးဒယား)
- (ခ) ပန်းဟေဝန် (ယိုးဒယား)
- (ဂ) နတ်ရှင်နောင် (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) မြသိုင်ငယ်စိမ်းနု (ဘွဲ့)
- (ခ) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (ဂ) ပေဖူးလွှာ (ကာလပေါ်) (တင်တင်မြ)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်
- (က) ဆန်းဆန်းသဇ္ဇာကြာညောင် (ယိုးဒယား)
- (ခ) မိုးမင်းလွန်ကဲ (ကြိုး)
- (ဂ) ဇောခိပင်နှင့် ရွှေပလ္လင် (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) မင်္ဂလာသီရိ (ဘွဲ့)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) လက်ရေတစ်ပြင်တည်း (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က) ထွေတလာ (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) မေတ္တာ (ကာလပေါ်) (မြသက်မှူ)

ပတ္တလားပြိုင်ပွဲ

၁။ ပညာရှင်
- (က) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ခ) အောင်မြေသာစံ (ပတ်ပျိုး)
- (ဂ) ခိုင်ပန်းစုံမှန်မာလာ (ယိုးဒယား)
- (ဃ) အောင်မင်္ဂလာ (ယိုးဒယား)
- (င) ထောင်ရောင်နေကသာ (သီချင်းခံ)
- (စ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
- (ဆ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
- (ဇ) ညင်းညင်း (မွန်)

၂။ ဝါသနာရှင်အဆင့်
- (က) ရေမီးထိန်လျက် (ယိုးဒယား)
- (ခ) ထူးမခြားနား (သီချင်းခံ)
- (ဂ) ပပဝင်းဝင်း (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) တောဟေဝန်လယ် (ယိုးဒယား)
- (ခ) စံရာဘုံမြင့် (ကြိုး)
- (ဂ) မြိုင်ခြေခိုင်ရွှေ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်
- (က) နန်းသီဟိုဠ် (ယိုးဒယား)
- (ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ဂ) နှုန်းနှုန်းထောက်စား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) ဂန္ဓာမာတောင် (ဘွဲ့)
- (ခ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဂ) ဟေမန်ပွေ့ဟန် (ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က) ထံတျာတေရှင် (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) ဇေယျာမြို့ (ကြိုး)

နှဲပြိုင်ပွဲ

၁။ ပညာရှင်အဆင့်
- (က) စိန်ကြယ်ညီးလင်း (မွန်)
- (ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဂ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဃ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (င) အောင်မြေသာစံ (ပတ်ပျိုး)
- (စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဆ) သောင်းရွှေလယ် (ယိုးဒယား)
- (ဇ) ရွှေပန်းပန်နှင့်ရွှေညီလာ (လေးထွေသံတက်)

၂။ ဝါသနာရှင်အဆင့်
- (က) လေပြည်ဆော်သွင်းမြူး (သီချင်းခံ)
- (ခ) မှန်ရဝေ (ပတ်ပျိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်
- (က) ညဉ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) မြရည်နန္ဒာ (ဘွဲ့)
- (ခ) ထွေတလာ (ကြိုး)
- (ဂ) ဇေယျာမြို့ (ကြိုး)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က) သီဒါသီဒါမြသား (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) ထံတျာ (ကြိုး)

တယောပြိုင်ပွဲ

၁။ ပညာရှင်အဆင့်
- (က) မဏိကဥ္စနာ (ပတ်ပျိုး)
- (ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
- (ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဃ) ပန်းဟေဝန် (ယိုးဒယား)
- (င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (စ) အထူးထူးငယ်နှင့် (ပတ်ပျိုး)
- (ဆ) မှိုင်းပြာဝေ (ပတ်ပျိုး)
- (ဇ) ရွှန်းရွှန်းမြ (သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်
- (က) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ခ) ဖြူပြာမူရာ (ပတ်ပျိုး)
- (ဂ) နီးအောင်ပင်လှမ်း (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) သူရကန် (ပတ်ပျိုး)
- (ဂ) နဂါးနီ (ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)နှစ် အဆင့်
- (က) ထောင်ရောင်နေ (ကြိုး)
- (ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ဂ) ဆိပ်ကမ်းသာ (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅) နှစ် အဆင့်
- (က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) ရှင်သီဝလိ (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀) နှစ် အဆင့်
- (က) သာယာ (ကြိုး)
- (ခ) ထွေတလာ (ကြိုး)
- (ဂ) တပ်မတော်အင်အား (ကာလပေါ်)

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

၁။ ပညာရှင်အဆင့်
- (က) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ခ) ရွှေတညာ (ယိုးဒယား)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)
- (ဃ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (င) သပြေပင်ဝန်း (ကြိုး)
- (စ) ရွှေပန်းပန်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံတက်)
- (ဆ) ဘုန်းများများမင်း (ပတ်ပျိုး)
- (ဇ) စိုးအမွှန်မှူး (ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်
- (က) အမင်းမင်းခရ (သီချင်းခံ)
- (ခ) စိန်ဇယဉ်နန်း (ယိုးဒယား)
- (ဂ) ချစ်သမျှကို (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ဆန်းနွေဦး (ယိုးဒယား)
- (ခ) ရွှေဘုန်းတော်လေတည့်မှ (ကြိုး)
- (ဂ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်
- (က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
- (ခ) နန်းသီဟိုဠ် (ယိုးဒယား)
- (ဂ) မိုးမင်းလွန်ကဲ (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) တေဇာအာဏာထန်ပြင်း (ကြိုး)
- (ခ) မြို့နန်း (ကြိုး)
- (ဂ) ပဟိုရ်မြွက်သံ (ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က)ထွေတလာ (ကြိုး)
- (ခ) ဇေယျာမြို့ (ကြိုး)
- (ဂ) သီဒါ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး။
(ဃ) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အတတ်ပညာ အမွေကောင်းပေးနိုင်ရေးအတွက် တံတားအလို
မည်သည့်အခက်အခဲကို မည်သို့အောင်မြင်အောင် ကျော်လွှား

❀ **ရွှေဖုံးမှ**

မန္တလေးမြို့တော်ဝန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီမံကိန်းမှ အင်ဂျင်နီယာများက မန္တလေးဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်မှ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရန် ဖြစ်ပေါ်လာခဲ့သည့် သမိုင်းကြောင်း၊ တံတားတည်ဆောက်ရန် မြေနေရာရွေးချယ်ခဲ့မှု၊ တံတားတည်ဆောက်ရန် အပြီးသတ်ရွေးချယ်ခဲ့သည့်နေရာ၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှုနှင့် တံတားနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တစ်ပြိုင်တည်းတည်ဆောက်

ဆက်လက်၍ မန္တလေးဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေမြင့်နှင့် စစ်ကိုင်းဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစန်းဝင်းတို့က ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများကို မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းနှစ်ခုမှ တစ်ပြိုင်တည်း ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ချဉ်းကပ်လမ်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ မိမိတို့၏ အင်ဂျင်နီယာပညာရှင်များသည် ယခုအခါ တံတားများ တည်ဆောက်ရာ၌ ဒီဇိုင်းပုံထုတ်ခြင်းအပါအဝင် တည်ဆောက်ရေးလုပ်ငန်းအဆင့်တိုင်းကို မိမိတို့၏ ကိုယ်ပိုင်အတတ်ပညာ စွမ်းပကားများဖြင့် တည်ဆောက်နိုင်နေပြီဖြစ်ကြောင်း။

တံတားအမျိုးအစားအားလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ တည်ဆောက်သွားနိုင်ရန် မိမိတို့ ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ရရှိထားပြီးဖြစ်သော အတတ်ပညာနှင့် အတွေ့အကြုံများကို နောင်လာနောက်သားလူငယ်များအား ဆက်လက်ဖြန့်ဝေပေးနိုင်ကြရမည် ဖြစ်ကြောင်း။

ယင်းသို့ အတတ်ပညာ အမွေကောင်းပေးနိုင်ရေးအတွက် တံတားအလိုက် တည်ဆောက်ရေးဆိုင်ရာ မှတ်တမ်းအချက်အလက်များကိုလည်း ပြုစုသိမ်းဆည်းထားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ပြုစုရာ၌ မည်သည့်အခက်အ… အောင်မြင်အောင် ကျော်လွှားဆောင်ရွက်ခဲ့သည်ဆိုသည့် အတွေ့အ… ပြုစုထားရှိကြရန်လိုကြောင်းဖြင့် မှာကြားသည်။

လုပ်ငန်းဆိုင်ရာ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။
(သတင်းစဉ်)

သံပေါင်တပ်ဆင်မှုကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသ… တံတား(ရတနာပုံ)၏ မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား … ပြီးစီးမှုနှင့် ရေလယ် RP 1 မှ RP 2 အခန်းတစ်ခန်း တံ… တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့… ရေယာဉ်ဖြင့် စစ်ကိုင်းဘက်ကမ်းသို့ သွားရောက်ကြပြီး ရှေးဦး… RP 7 နှင့် RP 8 အကြား တံတားသံပေါင် တပ်ဆင်နေမှုအခြေ… ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတား တည်ဆေ… အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒု… ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချ… ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတံတား(ရတနာပုံ) တ… ရေးစီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရှင်းလင်းတင်ပြ… စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။
(သ…

ရေဝတီတံတား(ရတနာပုံ)၏ တံတားဆိုင်ရာ အချက်အလက်များ

* ပင်မတံတားမှာ သံမဏိသံပေါင် အမျိုးအစားဖြစ်။
* ချဉ်းကပ်တံတားများအပါအဝင် စုစုပေါင်းအရှည် ၅၆၁၄ ပေရှိ။
* ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၆၀ရှိပြီး၊ လေးလမ်းသွားတံတားဖြစ်။
* လက်ရှိ အင်းဝတံတား၏အထက် ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာတွင် တည်ဆောက်လျက်ရှိ။

ားအလိုက် တည်ဆောက်ရေးဆိုင်ရာမှတ်တမ်းများ ပြုစုသိမ်းဆည်း ှာ်လွှားဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကိုပါ ပြုစုထားရှိကြရန်လို



ရာ၌ မည်သည့်အခက်အခဲကို မည်သို့ ခဲ့သည်ဆိုသည့် အတွေ့အကြုံများကိုပါ ား သည်။

ခင်မှုကြည့်ရှု

ာင်အေးနှင့်အဖွဲ့ဝင်များသည်ရေဝတီ မ်း ချဉ်းကပ်တံတား တည်ဆောက် အခန်းတစ်ခန်း တံတားသံပေါင် ကြည့်ရှုစစ်ဆေးကြသည်။

ကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ွားရောက်ကြပြီး ရှေ့ဦးစွာ ရေလယ် ါင် တပ်ဆင်နေမှုအခြေအနေများကို

ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု ည်။

နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ျုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) တီတံတား(ရတနာပုံ) တည်ဆောက် ာင်၌ ရှင်းလင်းတင်ပြချက်များနှင့် စဉ်။

(သတင်းစဉ်)

ရေဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး မန္တလေးနှင့်စစ်ကိုင်း နှစ်ဘက်ချဉ်းကပ်တံတားများ အပါအဝင် စုစုပေါင်းအရှည် ၅၆၁၄ပေရှည်မည့် တံတားဖြစ်သည်။

ရေဝတီတံတား(ရတနာပုံ)ကို ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ရှိ လေးလမ်းသွား တံတားကြီးအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

မြန်မာပြည်၏ အသက်သွေးကြောဖြစ်သည့် ရေဝတီမြစ်ပေါ်၌ ၁၉၉၇ ခုနှစ် စက်တင်ဘာလဆန်းအထိ ရေဝတီမြစ်ကူး အင်းဝတံတားကြီး တစ်စင်းသာ ရှိခဲ့သည်။

ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ အဆိုပါ အင်းဝတံတားကြီးကို ၂-၁-၁၉၃၄ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သက်တမ်းမှာ နှစ် ၇၀ရှိခဲ့ပြီ ဖြစ်သည်။ သက်တမ်းကြာမြင့်လာသည့်အလျောက် ဝန်များသည့် ကုန်တင် မော်တော်ယာဉ်များ ဖြတ်သန်းရေးအတွက် အဟန့်အတား ဖြစ်လာရသည်။

ထပ်မံတည်ဆောက်

ထို့ကြောင့် လက်ရှိ အင်းဝတံတား၏အထက် ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာတွင် ရေဝတီတံတား (ရတနာပုံ)ကို ဝန်အလေးချိန်တန် ၆၀ ခံနိုင်သည့် လေးလမ်းသွားတံတားကြီးအဖြစ် ထပ်မံတည်ဆောက်နေခြင်း ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်၌ ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တစ်ခုပြီးတစ်ခု တည်ဆောက်လျက်ရှိသည်။

တံတားကြီးခုနစ်စင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ရေဝတီမြစ်ပေါ်တွင် တံတားကြီးများကို တည်ဆောက်ခဲ့ရာ ယခုအခါ တံတားကြီးခုနစ်စင်းကို အောင်မြင်စွာ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယင်းတံတားတို့မှာ ပဲခူးတိုင်းတွင် နဝဒေးတံတား၊ ရေဝတီတိုင်းတွင် မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ရေဝတီတံတား(ဒေးဒရဲ)၊ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ မကွေးတိုင်းတွင် အနော်ရထာတံတားနှင့် ရေဝတီတံတား(မကွေး)တို့ ဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ယခုကဲ့သို့ မြစ်ကူးတံတား တည်ဆောက်မှုအတွေ့အကြုံများကို အခြေခံ၍ မြန်မာနိုင်ငံ၌ အကြီးဆုံး၊ အရှည်ဆုံးဖြစ်ပြီး ရထားလမ်းနှင့် ကားလမ်းပါရှိသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရေဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဘဒ္ဒန္တဝေပုလ္လ ဗုဒ္ဓစာပေဆု ချီးမြှင့်နိုင်ေ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များ ပေးပို့

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း မဟာသ ဝေပုလ္လကျောင်းမှ ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဝေပုလ္လက ဗုဒ္ဓစာပေဆုများ ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ငွေပဒေ စိုက်ထူလှူဒါန်းခဲ့ပြီးဖြစ်ရာ ယင်းဗုဒ္ဓစာပေဆုများကို ၂၀၀၃ ခုနှစ် နိုဝ ၁ရက်မှ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၃၀ရက်အထိ ထုတ်ဝေပြီးသေ ဘာသာကျမ်းစာများမှ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

သို့ပါ၍ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များကို တစ်မျိုးလျှင် နှစ်အု ပဓာန နာယကဆရာတော် ဦးဓမ္မတိက္ခ မဟာသာသန ဝေပုလ္လေ မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၀၈၆၃ သို့ နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်

ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ဂုဏ်ပြုပူဇော်မ

ရန်ကုန် စက်တင်ဘာ ၈

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြ ရန်ကုန်ရှိ ရခိုင်အသင်းအဖွဲ့အစည်းများနှင့် ရခိုင်အမျိုးသား၊ အမျိုးသမ စုပေါင်း၍ (၅၆)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီးတွင် တိပိဋ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဓမ္မာဝတီဆရာတော် ဘဒ္ဒန္တ ဣန္ဒ သာသနာ့အာဇာနည် အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို အောက် ၃၁ရက်၊ နံနက် ၉နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လှ လိုသူများသည် ဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း ၀၉၈၀-၃၄၉၆၃၊ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရဦးသန်းနိုင် ၀၉၉၉-၂၄၃၆၃၊ အတွင်းရေးမှူး ဦးသာအေး ဖုန်း-၀၉၈၀-၂၃၃၈၆၊ ၀ အတွင်းရေးမှူး ဦးဇော်အေးမောင် ဖုန်း-၀၉၉၉-၂၂၀၅၇၊ ဘဏ္ဍာ ဦးစောသိန်း ဖုန်း-၀၉၅၀၀-၁၃၀၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြေ သိရသည်။

(ဂ

မုံလယ်တောရ(ပဲခူး) ခုနစ်ရက်တရားစခ

ရန်ကုန် စက်တင်ဘာ ၈

အနောက်ဂန့်ဂေါ မုံလယ်တောရဆရာတော်ကြီး အဂ္ဂမဟာ ကမ္မ စရိယ ဘဒ္ဒန္တသံဝရသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဥပနိဿယအတိုင်း စက်တင်ဘာ ၂၁ရက်မှ စက်တင်ဘာ ၂၈ရက် ခုနစ်ရက်တိုင်တိုင် ဝိပဿနာတရားများ ပြသဟောကြားမည်ဖြစ်သ

စခန်းဝင်လိုသူ ယောဂီများသည် ပဲခူးတိုင်း အင်းတကော် ဆယ်မိုင် မုံလယ်တောရ ဓမ္မရိပ်သာသို့ စက်တင်ဘာ ၂၀ရက် ညနေ ၃နာရီအ လာရောက်ကြရန်ဖြစ်သည်။

(ဂ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၀၅ ၆။ အကပဒေသာ

၈:၂၀ ၇။ လဝ္ဂမ်းပြင်ရေလှောင်တမံ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တ

၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွ

၅:၃၀ ၇။ ၂၀၀၄ခုနှစ်၊ ဒွါဒသမအကြ (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ် အဆို၊ အက၊ အရေး၊ အတီ ဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(ဝါသနာရှင်အ (အမျိုးသား၊ အမျိုးသမီး)

၅:၄၅ ၈။ အန္တရာယ်ကင်းစေဘေးရှ (လူမင်း၊ ဟန်နီထွန်း) [ဒါရိုက်တာ-သက်တင်]

၆:၀၀ ၉။ တေးဂီတအစီအစဉ်

၆:၁၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်း စိမ်းလန်းစေရမည်

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူချွန်လူကောင်း" (အပို**

၇:၃၅ ၁၄။ တေးဂီတအစီအစဉ်

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ဆူးလေးစူးသွားပြ (အပိုင်း-၁) (လူမင်း၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ-မောင်ဗေဒါ]**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တိုးတက်သော နိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် တည်ငြိမ် ငြိမ်းချမ်းသော ကမ္ဘာကြီး ပေါ်ထွန်းလာလိမ့်မည်ဆိုသည့် ယုံကြည်မျှော်လင့်ချက်များဖြင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊

ဦးတည်ချက်တစ်ရပ်ထားရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း ယနေ့အချိန်အခါကာလတွင် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော၊ ပညာရည်မြင့်မားသော နိုင်ငံသူ နိုင်ငံသားများကသာလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည် ဆိုသည့် ခံယူချက်ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် ထားရှိပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို ရည်မှန်းချက်တစ်ရပ်အနေဖြင့် ချမှတ်ပြီး ၁၉၉၉ ခုနှစ် ပညာရေးမြှင့်တင်မှု အစီအစဉ်(ဒုတိယအဆင့်)ကစပြီး အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် (၅)နှစ်ပြည့်ပြီးကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ၉၁ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ၉၆ ဒသမ ၅၆ ရာခိုင်နှုန်းရှိလာသည်အထိ နှစ်စဉ် တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခြင်းသည် ပြည်သူများနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးမှုများကြောင့်လည်းဖြစ်ကြောင်း။

တိုးမြှင့်အကောင်အထည်ဖော်

ယခုကဲ့သို့ ပုံမှန်ပညာရေးစီမံကိန်းများအပြင် သာမန်ကျောင်းချိန်အတွင်း ကျောင်းသို့ရောက်လာရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းပညာရေး အထူးအစီအစဉ်(Non-formal Primary Education Programme)နှင့် မူလတန်းပြီးမြောက်သူ ကလေးငယ်များအတွက် အလယ်တန်းပညာကို အိုးမကွာ အိမ်မကွာ မိမိတို့၏ ရပ်ရွာ၌ပင် သင်ယူနိုင်သည့် မူလတန်းလွန်ကျောင်း

စာမျက်နှာ ၁၁ ကော်လံ ၁သို့

လူတိုင်းစာတတ်မှ အမှားအမှန်၊ အကျိုးအပြစ် ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများ ဖြစ်ထွန်းကာ မသမာသူ အဖျက်အမှောင့်သမားများအန္တရာယ်မှ မိမိ မိသားစု၊ မိမိပြည်သူ၊ မိမိနိုင်ငံကို ကာကွယ်နိုင်မည်

ကျောဖုံးမှ

ကျောင်းအုပ်ကြီးများ၊ ဆုရရှိကြသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများဖြစ်ကြသည့် မရတနာအေးမင်းနှင့် မဟောက်ခန့်ဒင်(မ်)တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူလေးများက "တို့အင်အား" သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

မိန့်ခွန်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာ ၈ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (international Literacy Day)အဖြစ် ၁၉၆၇ခုနှစ်ကစပြီး သတ်မှတ်ပေးခဲ့ပြီးသည့်နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ "နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား"များကို နှစ်စဉ်နှစ်တိုင်း တက်ကြွစွာကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် အလွန်ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်အဖြစ် စွဲစွဲမြဲမြဲ ဖြစ်ထွန်းနေခဲ့ပြီဖြစ်ကြောင်း။

ပုဂံခေတ်ကစတင်

အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများသည် မြန်မာနိုင်ငံ ပုဂံခေတ်ကာလကပင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဘုန်းတော်ကြီးသင်ကျောင်းများက စတင်ကာ အမျိုးသမီး၊ အမျိုးသားမခွဲခြားဘဲ စာပေလေ့လာသင်ယူမှုများပြုလုပ်ခဲ့ကြသည့် အစဉ်အလာကောင်းများ ပေါ်ထွန်းခဲ့သည်ကိုတွေ့ရကြောင်း၊ အမျိုးသမီးများသည် ထမင်းချက်ရင်း၊ ဗိုင်းငင်ဝါဖန့်ရင်း၊ မောင်းထောင်းဆန်ပြာရင်းက စာပေများ ရွတ်ဖတ်ကြ၊ ဗဟုသုတဖလှယ်ကြသည့် အစဉ်အလာကောင်းများဖြစ်ထွန်းခဲ့ခြင်းကြောင့် မြန်မာတို့၏ စာပေလေ့လာမှု၊ စာတတ်မြောက်မှုလှုပ်ရှားမှုများသည် အခြားသော နိုင်ငံများထက် ရှေးကျခဲ့သည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အဆင့်အတန်းမြင့်မားသော စာပေပညာရှင်အကျော်အမော်များသည် ပုဂံခေတ်ကာလမှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံခေတ်ကာလအထိ အထင်အရှားပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ကို တွေ့ရကြောင်း။

ယနေ့အချိန်အခါကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ အသီးသီးကို ပညာရေးက လွှမ်းမိုးပိုင်းဖြတ်နေသည့် အချိန်အခါကာလတွင် ကမ္ဘာပေါ်ရှိ လူသားများအားလုံး၏ ပညာရေးတိုးတက်မြင့်မားမှုသာလျှင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်နှင့် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာ ကွာဟချက်များ ကျဉ်းမြောင်းလျော့နည်းလာမည်ဖြစ်ကြောင်း၊ ထို့အပြင် အေးချမ်းသာယာ ဖွံ့ဖြိုး

ထို့အပြင် လူတိုင်း စာတတ်မြောက်မှုသာလျှင် အမှားအမှန်၊ အကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများ ဖြစ်ထွန်းကာ သူတစ်ပါး၏ သွေးဆောင်ဖြားယောင်းမှု၊ မကောင်းသောရည်ရွယ်ချက်ဖြင့် မကောင်းသော လမ်းကြောင်းကို တွန်းပို့တတ်သော မသမာသူ အဖျက်အမှောင့်သမားများ အန္တရာယ်မှ မိမိ၏မိသားစု၊ မိမိပြည်သူ၊ မိမိနိုင်ငံကို မိမိတို့၏ စုပေါင်းအင်အားဖြင့် ကာကွယ် တားဆီးနိုင်မည်ဖြစ်ကြောင်း၊

ဟန်ချက်ညီညီစီမံ

ယခုကဲ့သို့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်-

- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံ၌ ဖြစ်ထွန်းနေစေရေး**
- **အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်စုံ၌ ပေါ်ထွန်းလာစေရေးတို့အပြင်**
- **နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်စေရေးနှင့်**
- **အချိန်အခါအသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး အစဉ်ထာဝရ ပညာသင်ယူ လေ့လာနိုင်သည့် အခြေခံနှင့်အခွင့်အလမ်းများ ဖြစ်ထွန်းနေပြီး စဉ်ဆက်မပြတ်လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရေး၊**
- **အမှားအမှန်ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများဖြစ်ထွန်းကာ နိုင်ငံတော်၏အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်စေရေးတို့အတွက်ပါ ဟန်ချက်ညီညီ စီမံကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊**

ထို့ကြောင့် ပညာရေးကဏ္ဍ၌ တန်းစဉ်တက်ကျောင်းပညာရေး (Formal Education)နှင့် ကျောင်းစနစ်ပြင်ပ ပကတိအခြေအနေများနှင့် ကိုက်ညီဆီလျော်သည့် ကျောင်းပြင်ပ ပညာရေး(Non-Formal Education)ဆိုသည့် နည်းလမ်းနှစ်သွယ်ကို ယှဉ်တွဲဆက်စပ်ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံသူ နိုင်ငံသားတိုင်း ဘဝတစ်သက်တာသင်ယူသူ (Lifelong Learner) ဖြစ်လာစေရန်နှင့် မိမိတို့ကိုယ်တိုင် စိတ်ကြိုက် ချမှတ်သင်ယူနည်းစနစ်(Informal Education) တစ်ခု ဖြစ်ထွန်းရရှိလာစေရန်ကို နိုင်ငံတော်က ဦးဆောင်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

စီမံဆောင်ရွက်

"တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနှင့် လူတိုင်းစာတတ်မြောက်ရေး"ကို ဦးတည်ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာပြီးဆုံးရေးနှင့် သက်ကြီးစာမတတ်သူပပျောက်ရေး အစီအစဉ်များ စနစ်တကျရေးဆွဲပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မန္တလေးတိုင်း မြစ်သားမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဇာနည်ဟိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်း)တွင် ပထမဆုရရှိသော စစ်ကိုင်းတိုင်း ကလေးတက္ကသိုလ် မဟာဝိဇ္ဇာတန်း(က) မြန်မာစာ အထူးပြုမှ မောင်ဇော်လင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအိမ့်မွန်ကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင်တတိယဆုရရှိသော ပုသိမ်ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဒုတိယနှစ်မှ မအိမိုဇာမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၁၀မှ

အစီအစဉ် (Post-primary School Programme) တို့ကိုပါ တိုးမြှင့် စီမံဆောင်ရွက် အကောင်အထည်ဖော်လျက်လည်း ရှိကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများ၏ ပညာရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ ကျန်းမာရေးစောင့်ရှောက်ပေးသည့် အခြေခံများတိုးတက်ဖြစ်ထွန်းစေရေးတို့ အပါအဝင် ကျေးလက်နေပြည်သူများ၏ စီးပွားရေးဘဝနှင့် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျေးလက်နေပြည်သူများ၏ ပညာရေးအခြေခံများမြှင့်တင်ပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးကို လက်တွေ့အားဖြင့် ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ကျောင်းပြင်ပ ပညာရေးပုံစံတစ်ရပ်အဖြစ် ယှဉ်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မှန်မှန်တိုးတက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ပြီး အစဉ်တစ်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် မှန်မှန်ချည်းတိုးတက်မြင့်မားလာလျက်ရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျစီမံဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ခုနှစ်တွင် ၈၃ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၃ခုနှစ်မှာ ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ကြောင်း။

၂၀၀၄ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးက မိမိတို့ဒေသ မိမိတို့အခြေအနေနှင့် ဆီလျော်ကိုက်ညီမှုရှိသည့် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်များ ကိုယ်စီကိုယ်စီရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့စည်းများ၏ ကူညီပံ့ပိုးမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဒေသအခြေအနေကို အခြေခံသည့် စာတတ်မြောက်ရေးကြိုးပမ်းမှုအစီအစဉ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာသည်ကို တွေ့ရကြောင်း။

၂၀၀၄-ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးရလဒ်ကောင်းများအနေဖြင့် တိုးတောင်းသောအချိန်ကာလ အပိုင်းအခြားအတွင်းတွင်ပင်

- **နယ်စပ်ဒေသ"အ"သုံးလုံးအစီအစဉ်များအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ လောက်ကိုင်မြို့နယ် ကွတ်ခိုင်၊ မူဆယ်မြို့နယ်များ၊ "ဝ"ဒေသ၌ ဟိုပန်မြို့နယ်၊ ပလောင်ဒေသ၌ မန်တုံမြို့နယ်၊ သံလွင်(အရှေ့ခြမ်း) ကျိုင်းတုံဒေသ၌ မိုင်းဆတ်၊ မိုင်းပြင်း၊ မိုင်းခုတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာချီလိတ်၊ ကျိုင်းတုံမြို့နယ်များနှင့် ရခိုင်ဒေသက ဘူးသီးတောင်မြို့နယ်များမှ နယ်စပ်အစွန်အဖျား ကျေးလက်ဒေသများက ယခင်က လုံးဝစာမတတ်သူများအနက် ၃၉၀၀ကျော် စာတတ်မြောက်လာခဲ့ကြောင်း။**
- **ကယားပြည်နယ်၊ ချင်းပြည်နယ်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များတွင် ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၇၁၀၀၀ကျော် စာတတ်မြောက်လာခဲ့ကြောင်း။**
- **ပြည်နယ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေး ဆောင်ရွက်ပြီးသည့် ပြည်နယ်၊ တိုင်းအသီးသီးမှ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာဒေသများတွင် ကောက်သင်းကောက် စာတတ်မြောက်ရေးလှုပ်ရှားမှုများမှ ထပ်မံပြီး ပြုလုပ်ပေးခဲ့ခြင်းကြောင့် စာတတ်မြောက်လာသူ ၁၈၀၀၀၀ခန့် ရှိလာခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ၂၀၀၄ခုနှစ် နွေရာသီ စာတတ်မြောက်ရေးအထူးလုပ်ငန်းအစီအစဉ်အရ ယခင်က စာမတတ်သူ နှစ်သိန်းခွဲကျော်သည် ယခုစာတတ်မြောက်လာခဲ့ကြပြီဖြစ်ကြောင်း။**

ဂုဏ်ယူဝင့်ကြွားဖွယ်

ယင်းကဲ့သို့ ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၃ ဒသမ ၃ရာခိုင်နှုန်းသို့ တိုးတက်လာပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် စာတတ်မြောက်လာသူများအတွက်မိမိ၏စိတ်ဆန္ဒအရ ဆက်လက်သင်ယူနိုင်သည့် ပညာရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးသည့်အနေဖြင့် ရပ်ရွာပညာပဒေသာဌာနများ၊ ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့်ဘဝသာယာရေးလုပ်ငန်းများ ပါဝင်သည့် Continuing Education ဟုခေါ်သော စဉ်ဆက်ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ တစ်နိုင်ငံလုံး၌ ၂၀၀၃ခုနှစ်က ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၀ခုသာရှိခဲ့ရာမှ ယခုအခါ ရပ်ရွာပညာပဒေသာဌာနပေါင်း ၈၅၅ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ကျေးလက်စာကြည့်တိုက်များလည်း ၇၃၆၄ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် ၂၀၀၄ ခုနှစ်အတွက် ပြည်နယ်နှင့် တိုင်း အခြေပြုစာတတ်မြောက်ရေး စီမံချက်ရေးဆွဲနိုင်ရေးအတွက် "အီလက်ထရွန်နစ်နည်းစနစ်သုံး ကျောင်းပြင်ပပညာရေး စွမ်းရည်မြှင့်သင်တန်း"ကိုသင်ယူမှုဌာနပေါင်း ၁၉၂ခုသို့ ထုတ်လွှင့်ပြီး ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်ယူသူပေါင်း ၇၀၀၀ကျော်ကို e-Education စနစ်ဖြင့်ပို့ချပေးနိုင်ခဲ့သည့်အတွက် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းလာသည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ လူတိုင်းစာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံကနည်းလမ်းအသွယ်သွယ်ဖြင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆



၂၀၀၄ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်၏ သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Charles James Petrie က ဖတ်ကြားစဉ်။ (သတင်းစဉ်)

တစ်နှစ်ထက်တစ်နှစ် တိုးတက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံးပူးပေါင်းပါဝင်ပြီး အစဉ်တစ်စိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အတွက် စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက် တစ်နှစ် မှန်မှန်ချည်း တိုးတက်မြင့်မားလာလျက်ရှိနေ



၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး၊ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က ဖတ်ကြားစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၁၁ မှ

စီမံဆောင်ရွက်ပေးနေသကဲ့သို့ တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပုဂ္ဂလိကနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ ထူးထူးခြားခြား ရရှိဖြစ်ထွန်းနေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ထို့ကြောင့်ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုအကျိုးရလဒ်ကောင်းများ အပေါ်၌ တစ်မျိုးသားလုံး၏ တက်ကြွသော ပါဝင်ကြိုးပမ်းအားထုတ်မှုစွမ်းအားများ ပေါင်းစပ်ပြီး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စာတတ်မြောက်လာစေရအောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာသည်အထိ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့်တကွ ပြည်သူတစ်ရပ်လုံးကို တိုက်တွန်းပန်ကြားလိုကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်ရေးအရှိန်အဟုန်ကို ပိုမိုတိုးတက်မြင့်မားစေရအောင် မူလတန်းကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ တိုးမြှင့်ခွင့်ပြုပေးခြင်း၊ အလယ်တန်းကျောင်းများအဖြစ် တိုးတက်တည်ထောင်ပေးခြင်းများကြောင့် ယခုဆိုလျှင် နိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းကျောင်းပေါင်း ၃၁၂၂၅ ကျောင်း၊ မူလတန်းလွန်ကျောင်းပေါင်း ၄၇၇၄ ကျောင်း၊ အလယ်တန်းကျောင်းခွဲပေါင်း ၅၇၈ ကျောင်းနှင့် အလယ်တန်းကျောင်းပေါင်း ၂၀၃၄ ကျောင်း၊ အထက်တန်းကျောင်းခွဲနှင့်တွဲဖက် အထက်တန်းကျောင်းဖြစ်သည့် အလယ်တန်းကျောင်း ၈၅၇ ကျောင်းအထိတိုးပွားဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် မူလတန်းကျောင်းမှသည် အလယ်တန်းကျောင်းအထိ ၁၀နှစ်တာကာလအတွင်း ကျောင်းအရေအတွက်အားဖြင့် ၁၆၆၉ခု၊ ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး စာတတ်မြောက်ရေးနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ဦးတည်ပြီးလှုပ်ရှားတိုင်းအတွက် ပညာရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **စာတတ်မြောက်ရေးမှသည် စဉ်ဆက်ပညာရေး အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်းဖြင့် အစဉ်လေ့လာသင်ယူနေသော၊ အစဉ်တွေးခေါ်ကြံဆနေသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါ၊**
- **စာတတ်မြောက်ရေးမှသည် မှန်ကန်သောအတွေးအမြင်၊ မှန်ကန်သော ဝေဖန်ပိုင်းခြားတတ်မှုဖြင့်နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် ပါဝင်စွမ်းဆောင်ကြိုးပမ်းသွားကြပါ**

ဟုတိုက်တွန်းမှာကြားသွားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Mr. Charles James Petrie က ဖတ်ကြားသည်။

ယင်းနောက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်အထွေထွေ အတွင်းရေးမှူး၊ ရန်ကုန်ပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က ဖတ်ကြားသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသား၊ ကျောင်းသူလေးများက"ဇာတိမာန်" တေးသီချင်းဖြင့် သီဆိုသရုပ်ပြကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့၌ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆု ရရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်သက်မိုးနိုင်၊ ဒုတိယဆုရရှိသော ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအိမ့်မွန်ကျော်၊ တတိယဆုရရှိသော တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသူ မဇင်ဖူးဝေတို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မတိုးပြည့်သန္တာ၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း မြစ်သားမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဇာနည်ဟိန်း၊ တတိယဆုရရှိသော ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မနန်းပွင့်ရွှေရည်ဖူးတို့အားလည်းကောင်း၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ငူ ပညာရေးကောလိပ်လုပ်ငန်းခွင်အကြို (၇/၀၂) ဒုတိယနှစ်မှ မကေဇင်ဦး၊ ဒုတိယဆုရရှိသော မော်လမြိုင် ပညာရေးကောလိပ်လုပ်ငန်းခွင်အကြို (၇/၀၂) ဒုတိယနှစ်မှ မသူသူစိုးနှင့် တတိယဆုရရှိသော ပုသိမ် ပညာရေးကောလိပ်လုပ်ငန်းခွင်အကြို (၇/၀၂) ဒုတိယနှစ်မှ မအိမိုဇာမြင့်တို့အားလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ(အလွတ်တန်း)တွင် ပထမဆုရရှိသော စစ်ကိုင်းတိုင်း ကလေးတက္ကသိုလ် မဟာဝိဇ္ဇာတန်း(က) မြန်မာစာအထူးပြုမှ မောင်ဇော်လင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ခင်မာကြည် (ခင်ခင်ကျော်–ပညာရေး)နှင့် တတိယဆုရရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီ စတုတ္ထနှစ်ကျောင်းသူ မအေးမြခိုင်တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဧည့်သည်တော်များ ၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် စာတတ်မြောက်ရေးလှုပ်ရှားမှု ပြကွက်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဗီဒီယိုပြသ

ဆက်လက်၍ "မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းမှု" ဗီဒီယိုကို ပြသသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင် ကျောင်းသား၊ ကျောင်းသူလေးများက "လူတိုင်းအတွက်ပညာရေး"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် စာတတ်မြောက်ရေးလှုပ်ရှားမှု ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ကွယ်လွန်သူဦးရန်အေး(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန)အားရည်စူး၍ အမှတ်(၁၉၇) ၃၃လမ်း ကျောက်တံတားမြို့နယ်နေ ဇနီး ဒေါ်တင်မေနှင့် သားသမီးမြေး၊ မြစ်တစ်စုက စက်တင်ဘာ ၃ရက်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၅)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်များထုတ်လုပ်လျက်ရှိ၊ ဆိပ်ခံတံတားအအေးခန်း ငါးဈေးနှင့်ရေထွက်ပစ္စည်းအချောထည်စက်ရုံများပါဝင်သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရေလုပ်ငန်းစက်မှုဇုန်ကြီး ၂၀၀၅ခုနှစ်အကုန် စတင်လည်ပတ်တော့မည်၊ မြန်မာပြည်အလယ်ပိုင်းတွင် စံပြဆိတ်၊သိုးမွေးမြူရေးခြံများ တည်ဆောက်မည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ရုရှားလေယာဉ်နှစ်စင်း အသေခံဗုံးခွဲခံရမှု အယ်ကေဒါနှင့် ဆက်နွယ်နေ၊ အချက်မသိတော့ မော်ဒန်အတ်ကိုအမှိုက်ထင်၊ ကမ္ဘာထက် နှစ်ဆကျော်ကြီးသည့် ဂြိုဟ်ကြီးနှစ်လုံး ထပ်မံတွေ့ရှိ၊ ခရီးကြမ်းသုံးပြိုင်ကားများကို စင်ကာပူကအကြမ်းဖက်တန်ပြန်ရေးတွင် သုံးစွဲမည်။ ရုပ်ပွဆူညံအိမ်မှ ကလေးဉာဏ်ရည်နိမ့်နေတတ် စသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(က–ပ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ရင်ထဲက ပုလဲသွယ်၊ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေ



ရန်ကုန် စက်တင်ဘာ ၈

အမျိုးသားစာပေဆု (ကဗျာဆု)ကို လေးကြိမ်တိုင်ရရှိထားပြီးဖြစ်သော ကဗျာဆရာ မြင့်မိုးအောင်နိုင်မိုး၏ ၁၉၆၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်းရေးဖွဲ့သီကုံးခဲ့သော ကဗျာများအနက်မှ လက်ရွေးစင်ကဗျာ ၆၁ ပုဒ်ကို ဆရာအမေ့သားက အင်္ဂလိပ်ဘာသာသို့ပြန်ဆိုကာ ရင်ထဲကပုလဲသွယ် (String of Pearls in The Heart) အမည်ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ မြန်မာစာပေနှင့် မြန်မာကဗျာကို နိုင်ငံတကာ စာပေအသိုက်အဝန်းအတွင်း ဖြန့်ကြက်ထိုးဖောက်နိုင်ရန် ရည်ရွယ်လျက် အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ပုံနှိပ်ထားပြီး ဝူဖရီစက္ကူချော၊ စာဖောင် ၁၅ ဖောင်၊ တန်ဖိုးကျပ် ၁၀၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်ရာ ရန်ကုန်မြို့၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ဖုန်း–၃၇၄၅၃၂၊ ၇၂၅၅၃၀၊ မန္တလေးမြို့ ထွန်းဦးစာပေ ဖုန်း ၀၂–၃၉၈၉၁၊ ၀၂–၃၉၈၀၁သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**

(က–ပ)

ထူးကဲဒီရေ တက်မည်သတိပေး

ရန်ကုန် စက်တင်ဘာ ၈

စက်တင်ဘာ ၁၄ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ(၂၀ ဒသမ ၁၄)ပေခန့်မှ (၂၁ ဒသမ ၀၀) ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးကြေညာထားသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းစည်းဝေး အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံအဝန်းကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများနှင့်စာအုပ်စာစောင်များကို လက်ခံသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီစာပေတိုက်၊ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနခွဲတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြင်ပပုဂ္ဂလိကစာပေတိုက်များ၊ ဂျာနယ်တိုက်များ၊ မဂ္ဂဇင်းတိုက်များနှင့် စာအုပ်စာပေ ဖြန့်ချိရေးလုပ်ငန်းတို့မှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဖြန့်ချိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာန၊ အဖွဲ့အစည်းများနှင့် စာပေတိုက်များမှ တာဝန်ရှိသူများက စိတ်ပါဝင်စားစွာ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၄ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်၁၈ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များအတွက် ငွေပဒေသာပင် အလှူငွေများနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ သုဝဏ္ဏမြို့နေ ဦးမောင်မောင်အေး (မောင်ဟေမာ)က ငွေကျပ်၁၀သိန်း၊ လသာမြို့နယ်မှ ဒေါ်စန်းရီ၊ ဦးမြင့်ရွှေ၊ ဒေါ်အေးအေးသိန်းနှင့် ဦးဝင်းဆွေ (ဥက္ကဋ္ဌ WYZ Private Ltd)၊ သီဟသုခမွေးသီဂိဒေါက်တာ ဒေါ်ရီရီလှ (ယုဝတီခင်ဦး)တို့က ငွေကျပ် တစ်သိန်းစီ၊ ကြည့်မြင်တိုင်မှ ဦးတင်မောင်ဝင်း၊ ဗိုလ်ချုပ်လမ်းမှ ဦးခိုင်ထွေးနှင့် ပခုက္ကူမြို့မှ ဦးဝင်းမောင်တို့က ငွေကျပ်၅၀၀၀၀စီ၊ ဗဟန်းမြို့နယ်မှ ဒေါက်တာမာရီဖြူးက ငွေကျပ်၃၀၀၀၀၊ ဦးမြင့်သိန်း (အထက-၁-ဒဂုံ)က ငွေကျပ် ၂၀၀၀၀၊ ဒေါ်ပုလဲ(မြပုလဲခင်)က ငွေကျပ်၁၈၀၀၀၊ သာထက်အောင် မိတ္တူလုပ်ငန်းက ငွေကျပ်၁၀၀၀၀၊ အင်းလျားမြိုင်လမ်းမှ ဒေါက်တာနိုင်နိုင်မွန်နှင့် ဒေါ်ဂင်မူတို့က ငွေကျပ် ၅၀၀၀စီ၊ အင်းစိန်မြို့မှ ဒေါ်ရတနာတင့်လွင်နှင့် ဦးထွန်းကြည် (မြဝတီဘဏ်) တို့က ငွေကျပ်၃၀၀၀စီ လှူဒါန်းကြပြီး ပညာရေးသုတေသနမှ ပညာပေးစာစောင် ၉၆၀၀၀၊ လာဘ်မိုးစွေ စာပေမှ ဦးမောင်မောင်မြင့်အေးက မဂ္ဂဇင်း၇၃၀၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက သုတစာအုပ် ၁၅၀၀၊ မြို့တော် ဦးထွန်းရည်က ဂျာနယ်မျိုးစုံ၉၀၀၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ အလှူရှင် ဦးမောင်မောင်အေး (မောင်ဟေမာ)က အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေါ်သက်ရီ (ဂျက်ကော့)က စာအုပ် ၂၉၄အုပ်၊ ဝါမိုးအောင်စာပေက မဂ္ဂဇင်း၅၀၀၊ ဒဂုံတက္ကသိုလ်မှ ပါမောက္ခ ဒေါ်စိန်စိန်မြင့်က မဂ္ဂဇင်း၃၀၀၊ မသင်းကြည်ဆန်းက မဂ္ဂဇင်းမျိုးစုံ၂၂၀၊ သီဂိရွှေရည်ပိုးထည်တိုက်က မဂ္ဂဇင်း ၁၃၆အုပ်၊ ချိုဇော်ကုမ္ပဏီက စာအုပ် ၄၀၀၊ လှိုင်ဆမ်ဆစ်စာပေက စာအုပ် ၂၀၀၊ ရွှေစာပေတိုက်က စာအုပ်၃၀၀၊ မြရာကုန်းကျောင်းတိုက်မှ ဦးနန္ဒာသီရိက စာအုပ်၂၃၂၅အုပ်၊ ပတ္တမြားငမောက်စာပေက စာအုပ်၁၀၀၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲက မဂ္ဂဇင်း ၁၂၀၀၊လွန်းထားထား(ဆေးတက္ကသိုလ်)က လုံးချင်းဝတ္ထု၁၅၀၊ သာလွန်စာပေတိုက်ကစာအုပ် ၁၀၀၊ ရာပြည့် စာအုပ်တိုက်က ၁၂၆အုပ်၊ မြဝတီစာပေတိုက်က စာအုပ်၁၅၀၊ ဦးကြည်ထွန်း (ထန်လှိုင်)က စာအုပ်၁၂၀၊ ဒေါက်တာသိန်းအောင်က ဂျာနယ် ၈၀၀၀၊ ရန်အောင်စာပေက စာအုပ်၃၀၉အုပ်၊ ဦးတင်မြင့်မောင် (မောင်ရေအေး၊ ဟားဗတ်တက္ကသိုလ်) က စာအုပ် ၁၀၀၊ ပူးတူးတူးလေးစာပေတိုက်က စာအုပ် ၂၀၀၊ အင်ပါယာ စာပေက စာအုပ်၂၁၀၊ ဦးစောလွင်(ယောဂီစောလွင်) က စာအုပ်၁၀၀၊ အင်းစိန်မြို့သစ်မှ ဦးဝင်းလှိုင်က မဂ္ဂဇင်း ၈၅၉အုပ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ ဦးမျိုးဇော်ဝင်းက ၆၇၅ အုပ်၊ ခနထွန်းစာပေတိုက်က စာအုပ် ၅၀၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးကျော်ကျော်ဦးက မဂ္ဂဇင်း ၂၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးစံထွန်းက ၂၃၄ အုပ်၊ စမ်းချောင်းမြို့နယ်မှ ဒေါ်ဘေဘီဟိန်းက စာအုပ်၂၈၀၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဗိုလ်မှူးကြီးမင်းဆွေက စာအုပ်၂၅၀၊ သန်းဝင်းရှိန်စာပေကစာအုပ်၃၀၀၊ သီဟရတနာစာပေက ၈၁၂ အုပ်၊ ရေကြောင်းပညာတက္ကသိုလ်မှ ၆၃အုပ်၊ မင်းရွှေမင်း(အင်းစိန်)က စာအုပ်၁၀၀၊ တာမွေမြို့နယ်မှ ဒေါ်ကြူကြူဝင်းက စာအုပ် ၄၂၃အုပ်၊ဦးချိုမနားထန်းက သတင်းစာ ၅၄၀၊ ဦးအောင်ကျော်မင်းက စာအုပ် ၁၈၀၊ ဒေါက်တာတင်နွယ်ဦးက စာအုပ် ၁၉၄ အုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေသန့် အင်ဂျင်နီယာဌာနက ၃၇အုပ်၊ ဦးဥတ္တမသာရက ဘာသာရေးစာစောင် ၂၅၈ စောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က မဂ္ဂဇင်းစာအုပ် ၁၈၀၊ မသော်သော်ဇင်က ၈၆အုပ်၊ ကျောက်တံတားမြို့နယ်မှ မခင်စန္ဒာလင်းက ၇၄အုပ်၊ စမ်းချောင်းမြို့နယ်မှ ဒေါ်သန်းကြည်က၆၂အုပ်၊ လောကနတ်စာပေက ကာတွန်းစုံ အုပ် ၆၀၀၊ လသာမြို့နယ်မှ ဒေါ်ကြူကြူက ၁၅၂အုပ်၊ ဒေါင်းယာဉ်ပျံစက်မှုလုပ်ငန်းက ၃၇၅ အုပ်၊ ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဂျာနယ်မျိုးစုံ ၄၁၀၊ ဒေါ်ဂင်မူ (စီမံကိန်းရေးဆွဲရေးဦးစီးဌာန) က စာစောင် ၁၁၁စောင်၊ ဟာဂျီ ဦးမြင့်ကြည်က မဂ္ဂဇင်းစုံ၄၃၀၊ Health Digest ဂျာနယ်က ဂျာနယ်၂၈၀၀၊ စမ်းချောင်းမြို့နယ်မှ ဦးတင်မောင်က စာအုပ်၁၀၀၀၊ မွန် စာပေက ဝတ္ထုတိုပေါင်းချုပ် ၅၀၊ ဦးအောင်ကြည်စိန်က စာအုပ်၂၇၄အုပ်၊ ဒါရိုက်တာ မောင်ရှိန်းက စာအုပ်၄၀၀၊ မြန်မာစာအဖွဲ့ ဦးစီးဌာနက စာအုပ် ၃၇၂အုပ်၊ စမ်းချောင်းမြို့နယ်မှ ဒေါ်စန်းစန်းရီက စာအုပ်၂၀၀၊ သုဝဏ္ဏမြို့မှ ဦးဘတင်က ၈၆အုပ်၊ ဒေါက်တာမိုလာက စာအုပ်၄၀၀၊ ဟိန်းစည်ကုမ္ပဏီက စာအုပ်၁၇၅အုပ်၊ ဒေါက်တာ မြမြဝင်းက စာအုပ် ၂၀၀၊ ဒေါ်ပုလဲ(မြပုလဲခင်)က စာအုပ် ၃၉၂အုပ်၊ ဗိုလ်မှူးချုပ်တင်ဦး (လေ)မိသားစုက စာအုပ်၉၀၊ ဦးသန်းထွဋ်အောင်က ၆၇အုပ်၊ ဒေါက်တာခင်စန်းမော်က မဂ္ဂဇင်း ၅၇အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေး ကိုရုပ်သိမ်းလိုက်သည်။

လှူဒါန်း

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းငွေနှင့် စာအုပ်များမှာ အလှူရှင် ၁၅ဦးတို့က အလှူငွေကျပ် ၁၅၄၄၀၀၀နှင့် စာအုပ် အလှူရှင် ၇၅ ဦးတို့က ငွေကျပ် ၄၉၉၂၉၅၀ တန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း ၁၂၉၆၃၂အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)



မဟာစည်သာသနာ့ရိပ်သာ ပြည်တွင်းပြည်ပ နာယကဆရာတော် ဘဒ္ဒန္တကုသလာနန္ဒ (မုဒုံဆရာတော်) အရှင်သူမြတ် စက်တင်ဘာ ၇ရက်က ဗဟန်းမြို့နယ် မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားချီးမြှင့်တော်မူစဉ်။ (၅၀၆)

အထူးကျေးဇူးတင်ရှိပါကြောင်း

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

ပထမအကြိမ်လှူဒါန်းပွဲ (၁၇-၈-၂၀၀၄)ရက်နေ့တွင်
စာအုပ်၊ စာစောင်ပေါင်း (၁၄၃၂၅)အုပ်၊ ငွေကျပ်(၉၀၀၀၀)နှင့်
ဒုတိယအကြိမ်လှူဒါန်းပွဲ(၇-၉-၂၀၀၄)ရက်နေ့တွင်
စာအုပ်၊စာစောင်ပေါင်း(၁၂၉၆၃၂)အုပ်၊ ငွေကျပ်(၁၅၄၄၀၀၀)
လှူဒါန်း လက်ခံရရှိပါသည်။

လှူဒါန်းကြသည့်စေတနာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါသည်။
တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့်လှူဒါန်းပွဲကို မကြာမီ ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကွန်ပျူတာသရုပ်ပြ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ကွန်ပျူတာကို စတင်လေ့လာအသုံးပြုသူများမိသားစုသုံးရန်နှင့် ကွန်ပျူတာဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် ကေအမ်ဒီကုမ္ပဏီ၏ Family PC Serie အကြောင်း သရုပ်ပြရှင်းလင်းပွဲကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စထရင်းဟိုတယ်ခန်းမတွင် ကျင်းပရာ ကွန်ပျူတာပညာရှင်များ၊ကျောင်းသူကျောင်း သားများနှင့် ကွန်ပျူတာဝါသနာရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ကေအမ်ဒီကွန်ပျူတာကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးသောင်းတင်က Family PC ကွန်ပျူတာ၏ အသုံးဝင်မှုများကို ကဏ္ဍအသီးသီးခွဲ၍ သရုပ်ပြရှင်းလင်းသည်။ အခမ်း အနားအပြီးတွင် ဧည့်သည်တော်များအား ကွန်ပျူတာဖြင့် လက်တွေ့သရုပ်ပြသသည်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်။

✤ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ဆက်သွယ်ပါ။

✤ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

အမှတ်(၁၀၆) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ခင်ညိုညို မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်္န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)အသင်းရုံးသို့ လာရောက်လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်သန်းမြင့်အောင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

ဆေးဘက်ပညာသည် တက္ကသိုလ်၊ ရန်ကုန် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင် ကြေညာချက်

ဆေးဘက်ပညာသည်တက္ကသိုလ်၊ ရန်ကုန် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၃–၁၀–၂၀၀၄ (တနင်္ဂနွေနေ့)တွင် လည်းကောင်း၊ အစမ်းလေ့ကျင့်ပွဲကို ၂–၁၀–၂၀၀၄ (စနေနေ့)တွင် လည်းကောင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၂၀၀၄ ခုနှစ် မတ်လနှင့်ဧပြီလများအတွင်း ကျင်းပစစ်ဆေးခဲ့သော ဆေးဘက်ပညာသည် သိပ္ပံဘွဲ့(၅/၂၀၀၃)သင်တန်း၏ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဆေးဘက်ပညာသည်တက္ကသိုလ် ရန်ကုန်တွင် လျှောက်ထားကြရမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ကြေး	–	၁၅၀၀ိ/
အဝေးရောက်ကြေး	–	၁၀၀၀ိ/
လျှောက်လွှာပိတ်ရက်	–	၁၀–၉–၂၀၀၄

သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (အဖြူ–အမည်း) ၁လက်မခွဲ X၂ လက်မ အရွယ်ဓာတ်ပုံနှစ်ပုံနှင့် အတူလျှောက်ထားကြရမည်။

အသေးစိတ် အချက်အလက်များကို သိလိုပါက ဤတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း–၆၄၀၈၄၈သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ချုပ်ချုပ်ဟန်
မော်ကွန်းထိန်း။

၁၀–၉–၂၀၀၄ မှစ၍
ဝဇီရာ ဇမ္ဗူ ရွှေမန်း သီတာ ရွှေပြည်သာ ရုံကိုတွင်တစ်ပြိုင်တည်းပြမည်

ကားဝယ်မည်
CANTER (or)
DYNA 90 Model
နံပါတ်အနက်
(၁၀) ပေကား ဝယ်လိုသည်။
ဆက်သွယ်ရန်ဖုန်း
၀၁–၅၄၉၀၄၂ ၀၉၈၀၃၀၂၄၉
(ရုံးချိန်အတွင်း)

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	10:00 - 12:00 a.m. 11.9.04 Sat + Sun
	3:30 - 5:00 p.m. 20.9.04 Mon to Thu
INTERMEDIATE ENGLISH	1:00 - 2:30 p.m. 14.9.04 Tue to Fri
	7:30 - 9:00 a.m. 20.9.04 Mon to Thu

☎ 202046

အာလိမ္မာ GCE ဘာသာစုံ သင်တန်းများ

အငြှားဝယ်လိုသည်

ယာဉ်ငှား
CAR RENTAL
☎ : 526722

English (U.M.N)
GRAMMAR
Visa
Home နှင့် Interview
☎ : 706503 , 286154

နေအိမ်၊ မိုးအိမ် မခံရအောင်
အရိပ်ရ Sunshade တပ်ဆင်ရန်
Linpo Co., Ltd. 17A, Kabaraye Pagoda Rd, Bahan, Yangon.
Tel: 543816 , 545883 , 09-80-22250

မောင်မောင်မြင့်အေး
မေ့လို့မရမယ့် မိန်းမများ
ထွက်ပြီ

ဂန္ဓာရီ
ဥက္ကာဇင်းခက်
ဝန္ဓာရီဝဏ္ဏ

တာရာမင်းဝေ
ကိုးမရှိတဲ့နဝင်း
ထွက်ပြီ

ဝေဝေအောင်
မှော်ဆရာအသည်း
ထွက်ပြီ

295274
293294

STAR LIGHT
Ph: 534457

FEB COMPUTER CENTRE
B.E (Electronics)
1. HARDWARE & SYSTEM TRAINING (A+)
- Overview of Computer
- Mother Board, CPU
- DRAM, SRAM, CMOS
- ROM BIOS, FDD, HDD
- Troubleshooting
- DOS, CMOS Setup
- Norton, Virus Utility
- Software Installation
- Hardware Installation
- Network Installation
2. WINDOWS 98 COURSE
- Word 2000, Excel 2000, Page Maker 6.5, E-mail
3. FEB COMPUTER SERVICES
Upgrading - 486, Pentium, Pentium II, III, P-4
Rental - Pentium, PII Computer
4. TAPE TO VIDEO CD
No. 228, 1st Floor, Konezaydan Street
Pabedan Township
☎- 241861

ဒီလုံရွှေဆိုင်ကြီး(လက်လီလက်ကား)

ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

ရွှေဘို သြဂုတ် ၃၁

ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမတွင် ခရိုင်အဆင့် ဒွါဒသမအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၏ ဇနီးဒေါ်မြမြအေး၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးစိုးဝင်းက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်များက စည်တော်ကြီးသီချင်းဖြင့်စုပေါင်းသီဆို ကပြကြသည်။**(ခရိုင်ပြန်/ဆက်)**

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့်ဝန်ထမ်းများ သြဂုတ် ၂၀ ရက်က ဦးဥတ္တမလမ်းတစ်လျှောက် မိုးရာသီ ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (နယ်စပ်/စည်ပင်)

ရတနာတန်းဝင် သစ်ပင်များစိုက်ပျိုး

ကျောက်တော် သြဂုတ် ၃၁

ကျောက်တော်မြို့နယ်တွင် ရတနာတန်းဝင်သစ်များ စိုက်ပျိုးပွဲကို သြဂုတ် ၂၄ ရက် နံနက်ပိုင်းက ကစ္ဆပနဒီတံတားပတ်ဝန်းကျင်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးထူးကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မြို့ပေါ် ငါးရပ်ကွက်မှ ရပ်ကွက်အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀ ကျော်တို့ တက်ရောက် စိုက်ပျိုးကြသည်။ **(က-ပ)**

မော်ကျွန်း ပစ္ဆိမာရုံစာသင်တိုက် သာမဏေကျော် စာမေးပွဲကျင်းပမည်

မော်လမြိုင်ကျွန်း သြဂုတ် ၃၁

မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာလင်္ကာရအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို သြဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်မြို့ ပစ္ဆိမာရုံစာသင်တိုက် သာသနာ့သီရိနန္ဒာသိမ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ စိန္တိတာလင်္ကာရက အဖွင့် သြဝါဒကထာ မိန့်ကြားတော်မူပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးမြင့်လွင်နှင့် အသင်းနာယက ဦးကြီးရှိန်တို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။ အသင်း၏ရသုံးငွေစာရင်း ရှင်းတမ်းကို အသင်းအမှုဆောင် ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးက (၁၅)ကြိမ်မြောက် သာမဏေကျော်စာမေးပွဲကို မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်တွင် ဒီဇင်ဘာ ၄ ရက်မှ ၇ ရက်အထိ ကျင်းပရန်သတ်မှတ်ထားရာ နိုဝင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ ဖြေဆိုခွင့်လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း သိရသည်။ **(၃၆၄)**

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ပြခန်းဖွင့်

လှိုင်ကော် သြဂုတ် ၂၉

ကယားပြည်နယ် လှိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သြဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်၏ ကျောင်းကျန်းမာရေး သီတင်းပတ် ရက်သတ္တပတ်လှုပ်ရှားမှု ပြခန်းဖွင့်ပွဲကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မဆုမွန်ရည်နှင့် မစုလိုင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းသူ၊ ကျောင်းသားလေးများက မြန်မာကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။ ထို့နောက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ထွန်းကအဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးဝင်းတင့်က ကျောင်းကျန်းမာရေး သီတင်းပတ် ရက်သတ္တပတ် လှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းသူ၊ ကျောင်းသားများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြင်းခြံ-မန္တလေးလမ်း ထန်းပင်များစိုက်ပျိုးမည်

နွားထိုးကြီး သြဂုတ် ၂၉

နွားထိုးကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစီအစဉ်ဖြင့် မြင်းခြံ-ရေဝန်း-မန္တလေးလမ်းမကြီး လမ်းမကြီး အရှည် ၄၅ မိုင်တွင် ထန်းပင်ပေါင်း ခုနစ်သောင်းကျော် စိုက်ပျိုးမည်ဖြစ်သည်။

